မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်၊ ၂၀၀၉ ခုနှစ်၊ မေ ၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၈)၊ အမှတ်(၂၁၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၉) ညှိနှိုင်းအစည်းအဝေးတွင် နိဂုံးချုပ် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၉) ညှိနှိုင်းအစည်းအဝေး တက်ရောက်

ချမှတ်ထားသော စီမံကိန်းကြီးများကို အသေးစိတ်လုပ်ငန်းဇယားများ ရေးဆွဲအကောင်အထည်ဖော် တည်ဆောက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး စနစ်တကျထိန်းသိမ်းပြုပြင်ရန် မှာကြားလမ်းညွှန်

နေပြည်တော် မေ ၅

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၉) ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့တွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ မှာကြားလမ်းညွှန်သည်။

စာမျက်နှာ ၆ ကော်လံ ၁ ✻

ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မေ ၆ ရက်)

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ကြိုးပမ်း အထူးစီမံကိန်းများအောင်မြင်ရေး ဝိုင်းဝန်းလက်တွဲပါဝင်

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၉) ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ မေလ ၄ရက်နေ့က ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီး အစဉ်ဖွံ့ဖြိုးတိုးတက်စေရမည်ဆိုသည့် ဥပဒေသကို အစဉ်လိုက်နာ အကောင်အထည်ဖော်လျက်ရှိပြီး မည်သို့သော အခက်အခဲအကျပ်အတည်းနှင့် ကြုံတွေ့စေကာမူ ယင်းဥပဒေသကို အစဉ်စွဲကိုင်ပြီး နိုင်ငံတော်ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းလျက်ရှိသည်။

ယင်းသို့ ကြိုးပမ်းဖော်ဆောင်နိုင်ခဲ့မှုကြောင့် ထိုက်သင့်သော တိုးတက်မှုနှင့် အကျိုးစီးပွားများ ဖြစ်ထွန်းလျက်ရှိပြီး တိုးတက်မှု၏ အသီးအပွင့်များကို ခံစားနေကြရပြီဖြစ်သည်။

နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ၌ တိုးတက်အောင်မြင်မှုများသည် နိုင်ငံတော်၏ ဝမ်းစာရိက္ခာဖူလုံသည်သာမက ပိုလျှံနေပြီဖြစ်သည်။ စပါးထွက်ရှိမှုသည် စုစုပေါင်း စပါးတင်းသန်း ၆၀၀ကျော်ရှိခဲ့ရာမှ ယခုအခါ စပါးတင်းသန်း ၁၆၀၀ခန့်အထိ တိုးတက်ထွက်ရှိလာခဲ့သည်။

နိုင်ငံတော်၏ အမျိုးသားစီးပွားရေး ဆောင်ရွက်မှုတန်ဖိုး(ဂျီဒီပီ)၌ လယ်ယာကဏ္ဍ၏ပါဝင်မှုသည် ရာခိုင်နှုန်း ၄၀ခန့်ရှိပြီး စက်မှုကဏ္ဍ၏ ပါဝင်မှုသည် ရာခိုင်နှုန်း၂၀ခန့်ရှိသည်။

နိုင်ငံတော်တွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရာ၌ စက်မှုဇုန် ၁၈ဇုန်ကို ထူထောင်၍ အားပေးမြှင့်တင်ခဲ့ပြီး ပုဂ္ဂလိကစက်မှုကဏ္ဍကိုလည်း ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်မှ ဖြည့်ဆည်းဖော်ဆောင်ပေးလျက်ရှိသည်။

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍများကို ဖွံ့ဖြိုးတိုးတက်ရန် အစီအမံရှိရှိ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စက်မှုအတတ်ပညာကျွမ်းကျင်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ယင်းလိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းပေးနိုင်သည်နှင့်အမျှ နိုင်ငံတော်၏ စက်မှုကဏ္ဍသည် အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးစီမံကိန်းများချမှတ်ပြီး ဖော်ဆောင်လျက်ရှိရာ မည်သည့်အခက်အခဲများကို ကြုံတွေ့သည်ဖြစ်စေ တိုင်းရင်းသားပြည်သူများက စီမံကိန်းများ အမြန်ဆုံးအောင်မြင်နိုင်ရေးအတွက် တာဝန်သိသိ ဝိုင်းဝန်းလက်တွဲ ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၆-၅-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၅	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၀	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၁၅	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၂၀	၉။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၅၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။	လျှပ်တစ်ပြက်
၆း၄၅	၁၅။	ကာတွန်းအစီအစဉ် **ပိုးကောင်ကလေးများရဲ့အတွေး** (အပိုင်း-၁၅)
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော့်ချစ်သူ** (ဇာတ်သိမ်းပိုင်း)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဖြေလိုက်ပါ
	၂၁။	ICT သုတ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၅၀)

ပေါင်းစည်းလယ်ယာစိုက်ပျိုးရေးစနစ် ဆောင်ရွက်မှု

ကရင်ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၅

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းသည် ဧပြီ ၂၃ရက်က ဘားအံမြို့နယ် ရွှေတောကျေးရွာနေ တောင်သူဦးစောထွန်းနေ၏ လယ်မြေအတွင်း ပေါင်းစည်းလယ်ယာစိုက်ပျိုးရေးစနစ် ဆောင်ရွက်နေမှုနှင့် ငါးမွေးမြူရေကန်များ တူးဖော်နေမှုအခြေအနေများ၊ ဖအွံ့ကျေးရွာ၌ သောက်သုံးရေကန်တူးဖော်မည့် မြေနေရာ၊ ကျေးရွာချင်းဆက်လမ်းများ မြေညှိတိုးချဲ့နေမှု၊ ကျုံဖဲ-ကမ်းနားချောင်းကူးတံတား၊ ခရားအတွင်းကျေးရွာ၌ ကျောက်ချောလမ်းခင်းနေမှုနှင့် လမ်းမီးတိုင်များ စိုက်ထူထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ပြည်နယ်ဥက္ကဋ္ဌသည် ဧပြီ ၂၄ရက်တွင် ထို့ကော်ကိုးသို့ရောက်ရှိပြီး လူနေအိမ်ရာအသစ်များ တိုးချဲ့ဆောက်လုပ်ပေးနေမှု၊ နှစ်ရှည်ရော်ဘာစိုက်ပျိုးနိုင်ရေး တောခုတ်ရှင်းလင်းထားမှု၊ ဝက်မွေးမြူထားမှုနှင့် ဝက်နှင့် ဆိတ်မွေးမြူရေးခြံများ တည်ဆောက်နေမှုအခြေအနေများ၊ နှစ်ရှည် ရော်ဘာစိုက်ပျိုးပင်များ ပြုစုပျိုးထောင်ထားမှု၊ သစ်မျိုးစုံ သစ်တောစိုက်ခင်းနှင့် ပျိုးဥယျာဉ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

လက်တွေ့ချက်ပြုတ်

ပြည်နယ်ဥက္ကဋ္ဌသည် ဧပြီ ၂၅ရက်တွင် ဘားအံတက္ကသိုလ်ဝန်းကျင်၌ ဌာနဆိုင်ရာတာဝန်ရှိသူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးနေမှုနှင့် မြိုင်ကလေးစံပြကျေးရွာအနီး နွေထယ်ရေးလှန်ခြင်းနှင့် သဘာဝမြေဩဇာကြဲပက်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး စိုက်ပျိုးရေးနည်းပညာများနှင့် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများ ပြသထားမှု၊ စပါးမျိုးများ၊ ထွက်ရှိသော ဆန်အရည်အသွေးများနှင့် လက်တွေ့ချက်ပြုတ်ပြသထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဘားကပ်စံပြကျေးရွာရှိ လင်းနို့လိုဏ်ဂူအတွင်း သဘာဝမြေဩဇာ လင်းနို့ချေးများ စုဆောင်းရရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့) အငှမအကြိမ် အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၅

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် ကျောင်းသားကျောင်းသူဟောင်းများ၏ အငှမအကြိမ် အာစရိယပူဇော်ပွဲကို မေ ၁ရက် နံနက် ၉နာရီက အဆိုပါကောလိပ်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဂါရဝပြု

အခမ်းအနားသို့ ရန်ကင်းပညာရေးကောလိပ် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသား ကျောင်းသူဟောင်းများ၊ ဖိတ်ကြားထားသော ပညာရေးမိသားစုဝင်များ တက်ရောက်ကြပြီး ကန်တော့ဂါရဝပြုလက်ဆောင်များ၊ အလှူငွေများဖြင့် ကန်တော့ကြသည်။

ဩဝါဒစကား

ပူဇော်ကန်တော့ပွဲတွင် ဆရာအတတ်သင် ပညာအရည်အသွေး မြင့်မားရေးအတွက် ကြိုးပမ်းလုပ်ဆောင် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ယခုကဲ့သို့ အငှမအကြိမ် နှစ်စဉ်မပျက် အာစရိယပူဇော်ပွဲ ကျင်းပနိုင်ခြင်းအတွက် ဝမ်းမြောက်စကားကိုလည်းကောင်း၊ တပည့်ကျောင်းသားဟောင်းများဖြစ်ကြသည့် ဦးနု၊ ဦးသာအောင်ကျော်နှင့် ဦးရန်နောင်တို့က ကန်တော့ပန်ကြားချက်များဖြင့်လည်းကောင်း ပူဇော်ကန်တော့ကြရာ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးခင်မောင်ရင်၊ ဆရာမကြီး ဒေါ်စုစုလှိုင်နှင့် ဆရာကြီးဦးစိန်လှတို့က ဩဝါဒစကားပြောကြားချီးမြှင့်ကြသည်။

(ပညာရေး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၅-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်၊ ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၁၅	MRTV-4 နံနက်ခင်းသတင်း
၆း၀၀	**ဘာနဲ့နေမလဲ၊ ဘာနဲ့သေမလဲ** တရားတော် (ဆင်ဖြူတောင် ဆရာတော် အရှင်ဂုဏိန္ဒ)
၇း၀၀	ရတနာသိုက်ရှာပုံတော်(အပိုင်း-၂၆)
၇း၃၀	The Jetsons
၈း၀၀	MRTV-4 နံနက်ခင်းသတင်း
၈း၄၅	Industrial Talk
၉း၁၀	Myanmar Video Rhythm
၉း၃၅	တေးဂီတအစီအစဉ်
၉း၅၅	ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Monument Toy Shop)
၁၀း၁၅	ဆန့်ကျင်ကာကွယ် ဆေးလိပ်အန္တရာယ် [ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)]
၁၀း၄၅	ဓာတ်ပုံထဲမှ အမှတ်တရများ (သရုပ်ဆောင် မိုးအောင်ရင်)
၁၁း၀၀	ပြည်သူပျိုးသည့် လူငယ်ဖွံ့ဖြိုးရေးစခန်း (ရွှေဘိုမြို့)
၁၁း၂၅	Hotel Guide (Summit Parkview Hotel)
၁၂း၀၅	ရထားပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်နိုင်ရန် အထောက်အကူပြုမည့် ကွန်ကရစ်ဇလီဖားစက်ရုံ(မုတ္တမ)
၁၂း၃၅	ပုံဖော်ထွင်းထု အုန်းခွံပန်းပု
၁း၀၀	**ဘာနဲ့နေမလဲ၊ ဘာနဲ့သေမလဲ** တရားတော် (ဆင်ဖြူတောင် ဆရာတော်အရှင်ဂုဏိန္ဒ)
၁း၅၅	ထင်ရှားဖူးမြော် မွေတော်ကက္ကူစေတီတော်
၂း၁၀	MNL Cup 2009 ပြိုင်ပွဲဝင်အသင်းများ၏ လေ့ကျင့်ပြင်ဆင်နေမှုများ "ဇေယျာရွှေမြေ FC"
၂း၃၀	Rainforest Homeland (အပိုင်း-၁)
၃း၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၃း၂၅	ရွှေတောင်မြို့မှ စည်းလုံးချည်
၃း၄၀	တေးဂီတအစီအစဉ်
၄း၀၀	စပျစ်ချိုချို ဝိုင်ချိုချို
၄း၁၅	ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Monument Toy Shop)
၄း၄၅	နွေမိုးဆောင်းဥတုသုံးမျိုး၏ လက်တွဲဖော်မွှန်
၅း၀၀	ဓာတ်ပုံထဲမှ အမှတ်တရများ (သရုပ်ဆောင် မိုးအောင်ရင်)
၅း၁၅	နောက်မကျရအောင် မင်းသူ၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
၅း၃၀	နယဉ်ဆန်းထွင် ပန်းအလှဆင် (လခြမ်းပုံသဏ္ဌာန် ပန်းအိုးထိုးနည်း)
၆း၀၀	MRTV-4 ညနေခင်းသတင်း
၆း၁၅	Myanmar Video Rhythm
၆း၄၀	Hotel Guide (Summit Parkview Hotel)
၇း၁၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၇း၅၀	ပွဲလယ်တင့်ဆန်း ပိုးထည်ဒီဇိုင်း
၈း၀၀	MRTV-4 သတင်း
၈း၁၅	MNL Cup 2009 ပြိုင်ပွဲဝင် အသင်းများ၏ လေ့ကျင့်ပြင်ဆင်နေမှုများ "ဇေယျာရွှေမြေ FC"
၈း၃၅	နယဉ်ဆန်းထွင် ပန်းအလှဆင် (လခြမ်းပုံသဏ္ဌာန် ပန်းအိုးထိုးနည်း)
၉း၀၀	ပုံဖော်ထွင်းထု အုန်းခွံပန်းပု
၉း၁၅	ဒေဝီစေခိုင်းသမင်လိုက်ခန်းနှင့် ကျေးလက်ကကွက် လွန်စွဲမက်
၉း၃၀	ရတနာသိုက်ရှာပုံတော် (အပိုင်း-၂၆)
၁၀း၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁၁း၄၅	Rainforest Homeland (အပိုင်း-၁)
၁၂း၁၅	ပွဲလယ်တင့်ဆန်း ပိုးထည်ဒီဇိုင်း
၁၂း၂၅	သီးပွင့်ဝေဆာ ပဒေသာ (ပျားလိမ္မော်)
၁၂း၃၅	ဆန့်ကျင်ကာကွယ်ဆေးလိပ် အန္တရာယ် [ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)]
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champions League Semi-Final Second League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၀၀	Chelsea - Barcelona	ESPN (Live)

ကြည့်ရှုအားပေး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ မီးသတ်ဦးစီးဌာန၏ (၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားတွင် အသက်ကယ်နှင့် မီးငြိမ်းသတ်မှု စွမ်းရည်သရုပ်ပြမှုများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ အရည်အသွေးများပြည့်ဝနေရန် အမြဲကြိုးပမ်းအားထုတ်

(၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကျင်းပ ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ (၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် နေပြည်တော် ရာဇသင်္ဂဟလမ်းနှင့် ပြည်ကြီးရတနာလမ်းဆုံ မင်္ဂလာသိဒ္ဓိရပ်ကွက် ကုံ့ကော်အိမ်ရာအနီး စစ်ရေးပြကွင်း၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ ဒုတိယတိုင်းမှူးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ၊ နေပြည်တော်ခရိုင်အတွင်းရှိ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော် လယ်ဝေးနှင့်၊ နေပြည်တော်တပ်ကုန်းမြို့နယ်တို့မှ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားစစ်ရေးပြမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက စစ်ရေးပြကွင်းအတွင်း နေရာယူကြပြီး ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် တပ်ဖွဲ့ဝင်များအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန် (၄)ချက် ရွတ်ဆိုခြင်းတို့ကို ဆောင်ရွက်၍ ဝန်ကြီးအား အလေးပြုကြသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားရာတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တားဆီးတိုက်ဖျက်နေသော မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် အသွင်သဏ္ဌာန်ရော အနှစ်သာရပါ တပ်ဖွဲ့အသွင် ပီပီပြင်ပြင် ဖြစ်ထွန်းနေစေရန်၊ စည်းကမ်းသေဝပ်မှု၊ အမိန့်နာခံတတ်မှု၊ နိုးကြားတက်ကြွမှု၊ တစ်ဦးချင်းရော အဖွဲ့အစည်းအလိုက်ပါ တညီတညွတ်တည်း ဟန်ချက်ညီညီ လုပ်ရှားဆောင်ရွက်နိုင်မှုစသော အရည်အသွေးများပြည့်ဝနေရန် အမြဲကြိုးပမ်းအားထုတ် လေ့ကျင့်နေကြရမှာ ဖြစ်ကြောင်း။

ပေးအပ်လှူဒါန်း

ထို့နောက် (၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကိုဂုဏ်ပြုသောအားဖြင့် မီးသတ်ဦးစီးဌာနသို့ အလှူရှင် ACE ဆောက်လုပ်ရေး ကုမ္ပဏီဥက္ကဋ္ဌဦးတင့်ဆန်းက ငွေကျပ် ၁၅သိန်း၊ အလှူရှင် သီရိသုခမ္မ မဏ်ဖောတရေ ဦးစိုးသိန်း-သီရိသုခမ္မသင်္ဂီ ဒေါ်ခင်ချိုအုန်း၊ ညွှန်ကြားရေးမှူး (ရှေ့နေချုပ်ရုံး)က ငွေကျပ်၁၀သိန်း၊ ဦးဝင်းနိုင်သန့်(SHARP Showroom) က ငွေကျပ်၁၀သိန်း၊ Fire Trade Co., Ltd. က Fogging Machine နှစ်ခုအပါအဝင် အလှူရှင်များ လှူဒါန်းသည့် အလှူငွေ စုစုပေါင်း ငွေကျပ် ၁၀၈၀၀၀၀ တို့ကို အလှူရှင်များကိုယ်စား ACE ဆောက်လုပ်ရေး ကုမ္ပဏီဥက္ကဋ္ဌ ဦးတင့်ဆန်းက ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေထံ ပေးအပ်လှူဒါန်းရာ ဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မီးသတ်တပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲက ရရှိသောဂုဏ်ပြုဒိုင်းဆုကို ဦးစီးအရာရှိ ရဲသူရိန်ခင်မောင်ရီက ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေထံ အပ်နှံသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက လူမှုထူးချွန်တံဆိပ်နှင့် ဝန်ထမ်းကောင်းတံဆိပ်ရရှိကြသည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို သက်ဆိုင်ရာ ကိုယ်စားလှယ်များထံ ပေးအပ်သည်။

ဂုဏ်ပြုမှတ်တမ်း

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က ဗဟိုအဆင့် ကျင့်ဝတ်ပြိုင်ပွဲတွင် အရာရှိအဆင့်၊ အကြပ်အဆင့်နှင့် တပ်သားအဆင့်တို့၌ ပထမဆုရရှိကြသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)တွင် အရာထမ်းအခြေခံသင်တန်း အမှတ်စဉ် (၁၇၈)၌ စစ်ရေးပြထူးချွန်ဆုရရှိသော ဦးစီးအရာရှိ ရဲသူရိန်ခင်မောင်ရီနှင့် မော်လမြိုင်မြို့နယ် ဇော်ကုန်းကျေးရွာ၌ ရေတွင်းထဲပြုတ်ကျသူ ကလေးငယ်အား အသက်ကို ပဓာနမထားဘဲ ကယ်ဆယ်ခဲ့သည့် မော်လမြိုင်မြို့နယ်မှ မီးသတ်တပ်ကြပ်ကြီး သိန်းအေးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုတို့ကိုလည်းကောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက စခန်းသာယာလှပရေး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆု ရရှိကြသော မီးသတ်စခန်းများ၊ အသက် ၈၀ကျော်နှင့် ၉၀ကျော်အထိတိုင် အရန်မီးသတ်တပ်ဖွဲ့တာဝန်များကို ကိုယ်ကျိုးစွန့်ဆောင်ရွက်လျက်ရှိသည့် တပ်ဖွဲ့ဝင် လေးဦးနှင့် အရန်မီးသတ်တာဝန်များကို ၂၅နှစ်ကျော် စေတနာ၊ အနစ်နာ၊ ဝါသနာတို့ဖြင့် ကိုယ်ကျိုးစွန့်ဆောင်ရွက်လျက်ရှိသည့် တပ်ဖွဲ့ဝင် ၁၁၂ဦးတို့အတွက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်သည်။

ယင်းနောက် အသက်ကယ်နှင့် မီးငြိမ်းသတ်စွမ်းရည် သရုပ်ပြပွဲ အစီအစဉ်ကို ဆက်လက်ကျင်းပရာ မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက အထပ်မြင့်တိုက် မီးလောင်ကျွမ်းမှုတွင် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဖြစ်စဉ် သရုပ်ပြခြင်း၊ ဆီမီးလောင်မှု၊ ဂက်စ်အိုးမီးလောင်မှု မီးငြိမ်းသတ်ခြင်းနှင့် မီးကာဝတ်စုံဖြင့် မီးတောက်အတွင်း ဖြတ်သန်းသရုပ်ပြခြင်း၊ ဓာတုဗေဒပစ္စည်း မတော်တဆဖြစ်မှု ရှင်းလင်းသရုပ်ပြခြင်း၊ ကားမီးလောင်မှု မီးငြိမ်းသတ်ရေး သရုပ်ပြခြင်း၊ ကျေးလက်ဒေသ မီးငြိမ်းသတ်ရေး သရုပ်ပြခြင်း၊ ခေတ်မီ AFT Water Mist ကိရိယာဖြင့် မီးအတန်းအစားအလိုက် မီးငြိမ်းသတ်သရုပ်ပြခြင်း၊ အလိုအလျောက် မီးသတ်ဆေးဘူးမှ မီးငြိမ်းသတ်မှုကိုသရုပ်ပြခြင်း၊ မော်တော်ဆိုင်ကယ်စီးစွမ်းရည် သရုပ်ပြခြင်း၊ ရေကန့်လန့်ကာစနစ် သရုပ်ပြခြင်းနှင့် ခေတ်မီ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ သရုပ်ပြခြင်းတို့ကို ပြသကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် ဝန်ကြီး၊ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် စစ်ရေးပြကွင်းအတွင်း၌ Fire Trade Co.,Ltd.၊ မြန်မာသီဟကုမ္ပဏီ၊ သဒ္ဓါကြည်ကုမ္ပဏီ၊ ကောင်းအေးချမ်းရောင်းဝယ်ရေးကုမ္ပဏီလီမိတက်နှင့် မီးသတ်ဦးစီးဌာနတို့က ခင်းကျင်းပြထားသည့် မီးလောင်မှုအချက်ပေးစနစ်နှင့် အရေးပေါ်မီးလောင်မှုဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ တစ်နေရာတည်းမှ ညွှန်ကြားနိုင်သည့် မီးသတ်ပစ္စည်းများ၊ လက်ဆွဲတစ်နိုင် မီးသတ်ဘူးများ၊ စက်ရုံသုံး တွန်းလှည်းမီးသတ်ဆေးဘူးများ၊ Automatic Fire Extinguister များ၊ Fire Equipment များ၊ မီးသတ်အင်ဂျင်ပန့်များ၊ မီးသတ်ဆေးဘူးများ၊ ဂျပန်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့မှ ထုတ်လုပ်သည့် မီးလောင်မှုကြိုတင်အချက်ပေး စနစ်ပေး မီးသတ်ပစ္စည်းများ၊ မီးဖိုချောင်၊ သင်္ဘောအင်ဂျင်ခန်း၊ ကားအင်ဂျင်ခန်းနှင့် လျှပ်စစ် ထိန်းချုပ်ခန်းများတွင် အလိုအလျောက် မီးငြိမ်းသတ်သည့် ပစ္စည်းများ၊ ခေတ်မီ မီးသတ်ဆေးဘူးများနှင့် အဆင့်မြင့် မီးသတ်ပစ္စည်း ကိရိယာအမျိုးမျိုးတို့ကို ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

ယင်းလမ်းညွှန်ချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)က ပဲခူးတိုင်း ပဲခူးခရိုင် ဒိုက်ဦးမြို့နယ်၌ တည်ဆောက်ပြီးစီးသွားသော ဘိုင်းဒါးရေလွှဲဆည်ကို ၂၀၀၇ခုနှစ် မေ ၁၉ရက်က ဖွင့်လှစ်ပေးခဲ့သည်။ ဘိုင်းဒါးရေလှောင်တမံသည် တောင်ပေါ်တွင်တည်ဆောက်ထားခြင်းဖြစ်၍ မြေပြင်အနေအထားအရ တိုက်ရိုက်ရေပေး၍မရသဖြင့် ရေလွှဲဆည်ကို တည်ဆောက်ခဲ့ရခြင်းဖြစ်သည်။

ကာကွယ်နိုင်

ဘိုင်းဒါးရေလွှဲဆည်သည် ဘိုင်းဒါးရေလှောင်တမံအောက်ဘက် ၁၆မိုင်အကွာတွင်တည်ရှိပြီး ရေလွှဲဆည်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ အမြင့်၂၀ဒသမ ၅ပေ၊ အကျယ်ပေ ၂၅၀၊ အလျား ၉၈ပေရှိသည်။ ဘိုင်းဒါးရေလှောင်တမံစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဒေသအတွင်းလယ်မြေဧက ၄၆၇၀၀ ခန့်ပေါ်တွင် သီးနှံဧရိယာဧက ၈၆၇၀၀ခန့်ကို ရေပေးနိုင်ခဲ့ပြီး မိုးရာသီအတွင်း ရေလွှမ်းမိုးနစ်မြုပ်လေ့ရှိသည့် လယ်မြေများကို ရေလွှမ်းမိုးမှုအန္တရာယ်မှ အထိုက်အလျောက် အကာအကွယ်ပေးနိုင်၍ ဒေသခံတောင်သူများအနေဖြင့် ဝင်ငွေတိုးတက်လာပြီး လူမှုစီးပွားဘဝမြင့်မားလာခဲ့ပြီဖြစ်ပါကြောင်း သတင်းမှတ်စု ဧော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးဆက်လက်ရွာနိုင်

ရန်ကုန် မေ ၅

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းတွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့် အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ ပျမ်းမျှ အပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ရှမ်းပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၈ဒီဂရီစင်တီဂရိတ်လျော့နည်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ မင်းဘူးမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်၊ ရွှေဘိုမြို့၊ မုံရွာမြို့၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ရန်ကုန်(ကမ္ဘာအေး)တွင် ၁ ဒသမ ၆၁ လက်မ၊ ရန်ကုန်(မင်္ဂလာဒုံ)တွင် ၁ ဒသမ၂၆လက်မ၊ ကျိုင်းတုံမြို့တွင် ၀ဒသမ ၃၅လက်မနှင့် မိုးကုတ်မြို့တွင် ၀ဒသမ ၃၁လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မေ၆ရက် ညနေအထိခန့်မှန်းချက်မှာ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၆-၅-၂၀၀၉ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၅ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၀၅ ၆။ ကဒပွန်ရေထိန်းတံခါး
- ၈:၁၅ ၇။ အတီးပြိုင်ပွဲ
- ၈:၃၅ ၈။ **စက်မှုဇုန်မှာကျွန်မစက်ရုံလာတည်တော့မယ်** ဖြိုးငွေစိုး၊မိုးဒီ၊သဇင်၊နှင်းဆီခင်မို့မို့အေး (ဒါရိုက်တာတင်အောင်ရွှေ-သုတေသီ)
- ၈:၄၀ ၉။ International News
- ၈:၅၀ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄:၂၀ ၃။ သီချင်းကြီးပဒေသာ
- ၄:၃၀ ၄။ **မင်းမသိသေးပါဘူးကွာ** ရောင်ပြောကြော်၊ချစ်စရာ ကြူကြူသင်း၊အေးအေးခိုင် (ဒါရိုက်တာ-ဆွေဇင်ထိုက်)
- ၄:၄၀ ၅။ တေးဂီတအစီအစဉ်
- ၄:၅၅ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ပြည်သူ့ရေးရာ အထူးပြု)(စီးပွားရေးပညာ)
- ၅:၁၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၁၅ ၈။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၅:၃၀ ၉။ ဂီတသံစဉ်အလှဆင်
- ၅:၅၀ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဆော့
- ၆:၅၅ ၁၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇:၁၀ ၁၅။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေချစ်သက်တည်** (အပိုင်း-၁၉)
- ၂၀။ မြန်မာဗီဒီယိုဇာတ်လမ်း **ရွှေလှောင်အိမ်** ခန့်စည်သူ၊ ထက်ထက်မိုးဦး (ဒါရိုက်တာ-ညီညီထွန်းလွင်)
- ၂၁။ အစီအစဉ်ပြီး၏။

စီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် မေ ၅

နိုင်ငံတကာစီးပွားရေးစီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာအကြောင်း ဟောပြောဆွေးနွေးပွဲကို ဇွန်လတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာလမ်း မြေနီကုန်းပလာဇာ ဒဂုံစင်တာဘေး ရှစ်လွှာ အခန်းအမှတ်(ဒီ)ရှိ PS Business School ၌ ကျင်းပမည်ဖြစ်ရာ ဦးမျိုးမင်း(MCIA-CIM)က ဟောပြောဆွေးနွေးမည်ဖြစ်ပြီး မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၇၀၃၃၇၅၊ ၀၉-၅၀-၈၂၄၈၅ နှင့် ၀၉-၅၀-၆၉၇၃၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

သတင်းစာလွတ်လပ်ခွင့်ဆိုင်ရာ အစီရင်ခံစာ ဓမ္မဓိဋ္ဌာန်မကျဟု ကမ္ဘောဒီးယား ပြစ်တင်ဝေဖန်

ဖနောင်ပင် မေ ၅

အမေရိကန်နိုင်ငံ၌ထုတ်ပြန်သည့် သတင်းစာလွတ်လပ်ခွင့်အစီရင်ခံစာမှာ ဓမ္မဓိဋ္ဌာန်မကျဘဲ ယခင်အကဲဖြတ်မှုနှင့် ဆန့်ကျင်ဖီလာဖြစ်နေကြောင်း ကမ္ဘောဒီးယားအရာရှိများနှင့် မီဒီယာအဖွဲ့ခေါင်းဆောင်များက ပြစ်တင်ဝေဖန်လိုက်သည်ဟု ကွန်မာရှယ်နယူးစ်က မေ ၄ ရက်တွင်ဖော်ပြသည်။

အမေရိကန်အခြေစိုက် ဖရီးဒမ်းဟောက်စ်က နှစ်ပတ်လည် သတင်းလွတ်လပ်ခွင့်လေ့လာချက်ကို မေ ၁ ရက်က ထုတ်ပြန်စဉ် သတင်းလွတ်လပ်ခွင့်ရှိမှုနှင့် စပ်လျဉ်း၍ နိုင်ငံပေါင်း ၁၉၅ နိုင်ငံကို အဆင့်လိုက်လမ်းပြရာတွင် ကမ္ဘောဒီးယားနိုင်ငံမှာ နံပါတ် ၁၃၂တွင်ရှိကြောင်း ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံက အိမ်နီးချင်းနိုင်ငံများထက် သတင်းစာလွတ်လပ်ခွင့်ကို မျှတစွာလက်ခံထားကြောင်း အခိုင်အမာပြောဆိုလျက် အဆိုပါနှစ်ပတ်လည် အစီရင်ခံစာ ဖော်ပြချက်မှာ မျှတမှုမရှိဟုဆိုကာ ပယ်ချသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘင်္ဂလားဒေ့ရှ်၌ မုန်တိုင်းတိုက်ခတ်၊ ခြောက်ဦးသေဆုံး

ဒါကာ မေ ၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မြို့တော် ဒါကာနှင့်ခရိုင်ငါးခုရှိ ဒေသအသီးသီးတွင် မေ ၃ရက် မွန်းလွဲပိုင်းက လေပြင်းတိုက်ခတ်ပြီး မိုးကြိုးမုန်တိုင်း တိုက်ခတ်မှုကြောင့် ခြောက်ဦးထက်မနည်းသေဆုံးကာ အခြားလူ ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း ယူအင်န်ဘီ ပုဂ္ဂလိက သတင်းဌာနက ဖော်ပြသည်။

ဖော်ပြ

လေပြင်းဒဏ်ခံရသည့် ဒေသများတွင် အိမ်ခြေ ၁၀၀ကျော် လေပြင်းတိုက်ခတ်မှုကြောင့် မြေပေါ်သို့ လုံးဝပြိုလဲပြီး ရိတ်သိမ်းမည့်သီးနှံများ တစ်ပိုင်းတစ်စ ပျက်စီးသွားကာ ရွာပေါင်းများစွာမှ သစ်ပင်များအမြစ်မှကျွတ်ထွက်ပြီး လျှပ်စစ်ဓာတ်အားပေးလိုင်းများ ပြတ်တောက်ခဲ့သည်ဟု ဟူအင်န်ဘီသတင်းဌာနက ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ ကမ်းလွန်ပင်လယ်ပြင်၌ ကမ်းခြေစောင့်လုံခြုံရေးတပ်ဖွဲ့ဝင်များက ရဟတ်ယာဉ်ဖြင့် ကယ်ဆယ်ရေးလုပ်ငန်း သရုပ်ပြလေ့ကျင့်မှု ပြုလုပ်နေသည်ကို မေ ၄ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဂျာမနီနိုင်ငံ အရှေ့ပိုင်း အီစီနက်ချ်မြို့ရှိ မော်တော်ကားထုတ်လုပ်သည့် စက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို မေ ၄ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

A/H_1N_1 တုပ်ကွေးရောဂါဖြစ်မှု မက္ကဆီကို၌ ထိန်းချုပ်နိုင်ပြီဟုဆို

မက္ကဆီကိုစီးတီး မေ ၅

မက္ကဆီကိုနိုင်ငံက ယခုအခါတွင် A/H_1N_1 တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း မက္ကဆီကို သမ္မတဖိလစ်ကာလ်ဒီရွန်က မေ ၄ရက်တွင် ပြောကြားသည်။

ဝေဖန်ပြောကြား

သို့သော် အခြားနိုင်ငံတို့က ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်မှု အားနည်းကြောင်း ဝေဖန်ပြောကြားသည်။

လျော့နည်း

မက္ကဆီကို ကျန်းမာရေးဝန်ကြီး ဟိုဆေးအိန်ဂျယ်ကော်ဒိုဗာကလည်း မက္ကဆီကိုနိုင်ငံ၌ဖြစ်ပွားသည့် A/H_1N_1 တုပ်ကွေးရောဂါမှာ ဧပြီ ၂၄ရက်တွင် အမြင့်ဆုံး ကူးစက်ပျံ့နှံ့ပြီးနောက် ယခုအခါ သိသိသာသာ လျော့နည်းသွားပြီ ဖြစ်ကြောင်း သတင်းထောက်များအား ပြောကြားသည်။

(အင်တာနက်)

ဝက်သားစားခြင်းဖြင့် A/H_1 N_1 တုပ်ကွေးမဖြစ်သေးဟုဆို

ဂျီနီဗာ မေ ၅

ကနေဒါနိုင်ငံ၌ A/H_1 N_1 တုပ်ကွေးဗိုင်းရပ်စ်ပိုး ကူးစက်ရောဂါဖြစ်နေကြောင်း အတည်ပြုသော်လည်း ဝက်သားနှင့် ဝက်သားထွက်ပစ္စည်းများ စားသုံးမှုမှာ ဘေးအန္တရာယ် ကင်းရှင်းလျက်ပင်ရှိသေးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)မှ ကျွမ်းကျင်သူတစ်ဦးက မေ ၃ရက်တွင် ကြေညာသည်။

ပြောကြား

ယခုဖြစ်ပွားသော A/H_1 N_1 တုပ်ကွေးရောဂါမှာ အစားအသောက်မှကူးစက်ဖြစ်ပွားလာခြင်းမဟုတ်ကြောင်း၊ ဝက်သားစားခြင်းဖြင့် A/H_1 N_1တုပ်ကွေးရောဂါ မဖြစ်နိုင်ကြောင်း ဒဗလျူအိတ်ချ်အို စားနပ်ရိက္ခာ ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ သိပ္ပံပညာရှင် ပီတာဘင်အမ်ဘာရက်က ဂျီနီဗာမြို့ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗင်နီဇွဲလား၌ စစ်ဘက်ရဟတ်ယာဉ် ပျက်ကျ

ကရာကတ် မေ ၅

ဗင်နီဇွဲလား စစ်ဘက်ရဟတ်ယာဉ်တစ်စင်း မေ ၃ရက်က ပျက်ကျမှုဖြစ်ပွားခဲ့ရာ ဗင်နီဇွဲလားတပ်ဖွဲ့ဝင်၁၈ဦး သေဆုံးကြောင်း သမ္မတဟူဂိုချာဗက်ဇ်၏ ပြောကြားချက်ကို ကိုးကား၍ ဒေသတွင်းမီဒီယာက သတင်းထုတ်ပြန်သည်။ အဆိုပါ စစ်ဘက်ရဟတ်ယာဉ်မှာ ဗင်နီဇွဲလားနှင့်ကိုလံဘီယာနယ်စပ်တွင် ကင်းလှည့်စစ်ဆင်ရေးပြုလုပ်စဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

လေစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ဂီဂါဝပ် ၁၀၀ ၂၀၂၀ပြည့်နှစ်အရောက်တွင် တရုတ်၌ သုံးစွဲနိုင်မည်

ပေကျင်း မေ ၅

တရုတ်နိုင်ငံ၏ လေစွမ်းအင်စီမံကိန်းများ ပြီးစီးသွားပါက လာမည့် ၂၀၂၀ ပြည့်နှစ်အရောက်တွင် လေစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ဂီဂါဝပ် ၁၀၀သုံးစွဲနိုင်တော့မည်ဖြစ်ကာ ၂၀၅၀ပြည့်နှစ်တွင် လျှပ်စစ်ဓာတ်အား အသုံးပြုမှု၏ ၄၀ရာခိုင်နှုန်းကို တည်မြဲစွမ်းအင်မှ ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ယခုနှစ်စီမံကိန်းများ ပြီးစီးသွားပါက ကမ္ဘာပေါ်တွင် အမေရိကန်နိုင်ငံပြီးလျှင် တရုတ်နိုင်ငံမှာ လေစွမ်းအင်အသုံးပြုမှု အများဆုံးနိုင်ငံဖြစ်လာမည် ဖြစ်သည်။

တိုးမြှင့်ထုတ်လုပ်

၂၀၀၉ခုနှစ်အတွင်း လေစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ၁၂ဂီဂါဝပ်ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး လာမည့် ၂၀၁၀ပြည့်နှစ် အရောက်တွင် လျှပ်စစ်ဓာတ်အား ၂၀ဂီဂါဝပ် တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ချိုင်းနားဒေးလီး သတင်းဌာနက သတင်းထုတ်ပြန်သည်။

(အင်တာနက်)

အာဖဂန်အရှေ့ပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွား မြို့တော်ဝန်နှင့် လုံခြုံရေးဝန်ထမ်းလေးဦး သေဆုံး

ကဘူးလ် မေ ၅

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း လက်ချ်မန်ပြည်နယ် မက်တာလန်မြို့တွင် မေ၄ရက်က ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ မက်တာလန်မြို့တော်ဝန် မိုဟာမက်ရာဟင်နှင့် ၎င်း၏ လုံခြုံရေးတပ်ဖွဲ့ဝင်လေးဦး သေဆုံးသွားခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

မက်တာလန်မြို့တွင် ဧပြီ၄ရက် နံနက် ၃နာရီခွဲက မြို့တော်ဝန် စီးနင်းလိုက်ပါလာသည့်ယာဉ်မှာ လမ်းဘေးဗုံးပေါက်ကွဲထိမှန်၍ မြို့တော်ဝန်အပါအဝင် ကားပေါ်တွင် လိုက်ပါလာသူအားလုံး သေဆုံးခဲ့ခြင်းဖြစ်သည်။

ပိုမိုပြုလုပ်

ယင်းဗုံးဖောက်ခွဲမှုနှင့် ပတ်သက်၍ မည်သည့်အဖွဲ့အစည်း၏ လက်ချက်ဖြစ်သည်ကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ တာလီဘန် အကြမ်းဖက်အဖွဲ့အနေဖြင့် အမေရိကန်နှင့် အပေါင်းပါတပ်များနှင့် အာဖဂန်အစိုးရအား ဆန့်ကျင်တိုက်ခိုက်မှုများ ပိုမိုပြုလုပ်လျက်ရှိသည်။

(အင်တာနက်)

ဝက်မွေးသူများနှင့်ရဲတပ်ဖွဲ့များ အီဂျစ်တွင် အခင်းဖြစ်ပွား

ကိုင်ရို မေ ၅

အီဂျစ်အစိုးရက ဝက်အားလုံးသုတ်သင်ရန် ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ဝက်မွေးမြူသူများနှင့် ရဲတပ်ဖွဲ့ဝင်များ မန်ရှီယက်နက်ဆာခရိုင်တွင် မေ ၃ ရက်က အခင်းဖြစ်ပွားခဲ့ကြောင်း ၎င်းဒေသရှိ ဝက်မွေးမြူသူများက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

မကျေမနပ်ဆန္ဒပြမှုများကြောင့် ဒဏ်ရာအနည်းငယ် ရရှိကြောင်း၊ ယင်းအခြေအနေ ထိန်းသိမ်းနိုင်ရန်အတွက် အစိုးရတာဝန်ရှိပုဂ္ဂိုလ်များက မွေးမြူရေးကိုယ်စားလှယ်များနှင့် လျော်ကြေးပေးရေးကိစ္စကို အစည်းအဝေးပြုလုပ်မည်ဟု ဝက်မွေးမြူသူ တစ်ဦးက ပြောကြားသည်။

ပြောကြား

ရဲတပ်ဖွဲ့ဝင် ၁၀၀၀ခန့်က ရဲကား ၃၀ခန့်ဖြင့် လာရောက်ပြီး မိမိတို့အား မျက်ရည်ယိုဗုံးဖြင့်ပစ်ခတ်သည်ဟု အခြားသော ဝက်မွေးမြူသူတစ်ဦးက ပြောကြားသည်။

ဆုံးဖြတ်

ဝက်တုပ်ကွေးရောဂါဖြစ်ပွားမှု ထိန်းချုပ်နိုင်ရန်အတွက် အီဂျစ်နိုင်ငံရှိ ဝက်အားလုံးကို သတ်ဖြတ်ရန် အီဂျစ်အစိုးရက လွန်ခဲ့သည့် ရက်သတ္တပတ်က ဆုံးဖြတ်ခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရန်၌ ယာဉ်မတော်တဆမှု ၂၈ ဦး သေဆုံး

တီဟီရန် မေ ၅

ဘတ်စ်ကားတစ်စီးသည် အီရန်နိုင်ငံ အနောက်ပိုင်းရှိ အဆောက်အအုံတစ်ခုကို ဝင်တိုက်မိသဖြင့် အီရတ်နိုင်ငံသို့ ဘုရားဖူးခရီးသွားသူ ၂၈ဦးထက်မနည်း သေဆုံးကြောင်း ဒေသခံရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ အီရန်အသံလွှင့်ဌာနက ဖော်ပြသည်။

အဆိုပါခရီးသည်တင် ဘတ်စ်ကားသည် အရှိန်မြင့်မောင်းနှင်လာပြီး စက်ချွတ်ယွင်းမှုကြောင့် အီလမ်ပြည်နယ်ရှိ လမ်းဘေးမှ အဆောက်အအုံတစ်ခုကို ဝင်တိုက်ခဲ့ခြင်းဖြစ်သည်ဟု ဆက်လက်ဖော်ပြသည်။

ခရီးသည်များသည် အီရတ်နိုင်ငံသို့ ဘုရားဖူးသွားရာလမ်းတွင် ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရသူများအား ဆေးရုံတင်ထားရသည်ဟု ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **အမ်အင်န်အေ၊ ရိုက်တာ**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ စက်သုံးဆီတင်ဆောင်သည့်ကား မီးလောင်မှုဖြစ်ပွားသည်ကို မေ ၄ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေ အုတ်ဖိုမြို့နယ် သရက်ပင်ဆိပ်ကျေးရွာ စက်ရေတွင်းနှင့် သောက်သုံးရေကန်ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကြို့ပင်ကောက်မြို့၊ အုတ်ဖိုမြို့၊ လက်ပံတန်းမြို့နှင့် မော်ဘီမြို့များအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေ ဆောင်ရွက်

ရန်ကုန် မေ ၅

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေသည် မေ ၂ရက်တွင် ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် သဲကုန်းကျေးရွာအုပ်စု ကျီစုကျေးရွာသို့ ရောက်ရှိပြီး သဲကုန်းကျေးရွာနှင့် လှေကုန်းကျေးရွာတို့ကို ဆက်သွယ်သော ကျေးရွာချင်းဆက်လမ်းကို ဂဝံထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် ဒေသခံပြည်သူများနှင့် တွေ့ဆုံခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဒေသခံတစ်ဦးက လမ်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက အမှာစကား ပြောကြားသည်။

ယင်းနောက်လမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် အလှူငွေများ ပေးအပ်လှူဒါန်းရာ ရပ်မိရပ်ဖ တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

တက်ရောက်

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အုတ်ဖိုမြို့နယ် သရက်ပင်ဆိပ်ကျေးရွာသို့ သွားရောက်၍ စက်ရေတွင်းနှင့် သောက်သုံးရေကန်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကာ တာဝန်ရှိသူများနှင့်အတူ စက်ရေတွင်းနှင့် သောက်သုံးရေကန်တို့ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ဒေသခံတစ်ဦးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရန် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဒုတိယဝန်ကြီးသည် လက်ပံတန်းမြို့နယ် မန်ကျီးကွင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ကျင်းပသော ကွန်ပျူတာပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ကွန်ပျူတာတစ်စုံကို ယင်းကျောင်းသို့ ပေးအပ်လှူဒါန်းရာ အငြိမ်းစား ကျောင်းဆရာတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဒုတိယဝန်ကြီးသည် မေ ၃ ရက်တွင် ရန်ကုန်တိုင်း မော်ဘီမြို့နယ် ညောင်ကုန်းကျေးရွာ၌ ကျင်းပသော မျောက်ချောကုန်းကျေးရွာနှင့် ညောင်ကုန်းကျေးရွာတို့ကို ဆက်သွယ်ထားသည့် မြေသားလမ်းပြုပြင်ခြင်းနှင့် ညောင်ကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း မွမ်းမံပြင်ဆင်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး အမှာစကား ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ကျောင်းဥပမိရပ် ကောင်းမွန်ရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းပြီး ဒေသခံများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ကြက်ခြေနီနေ့

၂၀၀၉ ခုနှစ် မေလ (၈)ရက်

World Red Cross Day

8th May, 2009

" Our World, Your Move "

မြန်မာနိုင်ငံကြက်ခြေနီအသင်း

ကလေးခရိုင် ပြန်/ဆက် ဦးစီးမှူး ဝန်ထမ်းများနှင့် တွေ့ဆုံ

ကလေး မေ ၅

စစ်ကိုင်းတိုင်း ကလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းလှိုင်သည် ကလေးဝမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ဝန်ထမ်းများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီက ကလေးဝမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိက ၂၀၀၉-၂၀၁၀ခုနှစ် ဦးစီးဌာနက ချမှတ်ပေးထားသော လုပ်ငန်းတာဝန် (၁၁)ရပ်ကို အသေးစိတ်ရှင်းလင်းပြီး မြို့နယ်ရုံး စာကြည့်တိုက်လုပ်ငန်းများ စနစ်တကျရှိစေရေး၊ ကျေးရွာစာကြည့်တိုက်များ မြေနေရာနှင့် အဆောက်အအုံရရှိရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(ခရိုင် ပြန်/ဆက်)**

မိုးကုတ် ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၅

မိုးကုတ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ဗဟန်းမြို့နယ် ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ကျင်းပရာ အခမ်းအနားတွင် ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးသန်းဝင်းက ပူဇော်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျောင်းသား ကျောင်းသူဟောင်းများ ကိုယ်စား ဦးသန်းမောင်နှင့် ဒေါ်ကြည်ကြည်ဝင်းတို့က ဂါရဝပြု နှုတ်ခွန်းဆက်စကား ပြောကြားကာ အပူဇော်ခံ ဆရာ ဆရာမကြီးများအား ကန်တော့လက်ဆောင်ပစ္စည်း ပေးအပ်ပူဇော်ကန်တော့ကြသည်။ **(အပေါ်ပုံ)** ဆက်လက်၍ အပူဇော်ခံ ဆရာ ဆရာမကြီးများကိုယ်စား ဦးသိန်းလွင်၊ ဒေါ်ကြည်ကြည်မြင့်နှင့် ဒေါ်ခင်ဖုန်းတို့က ဆုံးမဩဝါဒစကားပြောကြားသည်။ အလားတူ အာစရိယပူဇော်ပွဲအခမ်းအနားကို မေ ၁၀ရက်တွင် မိုးကုတ်မြို့ မဏိရတနာခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မေ ၅

နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးရဲညွန့်သည် ကစားဖော်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာန ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ဒုတိယဗိုလ်မှူးကြီးစိုးလှိုင်၊ ဦးခင်မောင်တူး၊ ဦးမင်းမော်အေး (KBZ ကုမ္ပဏီ)တို့နှင့်အတူ မေ ၃ ရက်တွင် နေပြည်တော် ရေပြာဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Srixon Soft Feel-2 ဂေါက်သီးကို Srixon(M-Steel) No-8 သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၆၅ကိုက်အကွာရှိ ကျင်းအမှတ် ၁၂သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူ့တုပ်ကွေးရောဂါ ဆေးပညာဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၅

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ ကျန်းမာရေးဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်းမှ မေ ၅ရက်တွင် မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင် (အေ)တွင် ကမ္ဘာ့လူတုပ်ကွေးရောဂါ New A (H1N1) Virus အကြောင်း အသိပေးဟောပြောပွဲ ကျင်းပရာ မြန်မာနိုင်ငံ ဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ကျော်မြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး သဘာပတိအဖြစ် ဒေါက်တာဦးစိုးအောင်က ဆောင်ရွက်သည်။ (အောက်ယာပုံ)

တင်ပြ

ကမ္ဘာ့လူတုပ်ကွေးနှင့် ပတ်သက်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ သမားတော်ကြီး ပါမောက္ခ ဦးနေဝင်းက ရောဂါပိုးနှင့် ပတ်သက်၍လည်းကောင်း၊ ရောဂါကူးစက်ပုံကိုလည်းကောင်း၊ ရောဂါလက္ခဏာနှင့် ရောဂါဖြစ်ပွားမှုအဆင့်ဆင့် သတ်မှတ်ချက်၏ ရောဂါကုသမှုနှင့် ကာကွယ်ရေးအဆင့်ဆင့်အကြောင်းတို့ကို လည်းကောင်း အသေးစိတ် ဆွေးနွေးတင်ပြသည်။ ယင်းနောက် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှ ဒုတိယ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ယဉ်သန္တာလွင်က ကျန်းမာရေးဝန်ကြီးဌာနမှ ကြိုတင်ကာကွယ်ရေး လုပ်ဆောင်မှုများ၊ စီမံချက်များ၊ သတင်းပို့မှုများ၊ ပြည်သူလူထုနှင့် ကျန်းမာရေးဝန်ထမ်းများ သတိပြုရန် အချက်အလက်များကို အသေးစိတ်တင်ပြသည်။ တက်ရောက်သူများက ပြန်လည်ဆွေးနွေးကြပြီး ဆွေးနွေးပွဲအခမ်းအနားကို ညနေ ၃နာရီခန့်တွင် အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျွန်းနှင့် သစ်မာစိုက်ပျိုးရေးပညာပေးဆွေးနွေးပွဲ သန်လျင်၌ကျင်းပ

ရန်ကုန် မေ ၅

ရန်ကုန်တောင်ပိုင်းခရိုင် သစ်တောဦးစီးဌာနမှ သန်လျင်မြို့နယ်တွင် ၂၀၀၉-၂၀၁၀ မိုးရာသီတွင် တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်၊ သစ်မာပင် ၂၀ နှင့် တစ်ရွာတစ်ဧက စိုက်ပျိုးရေး ပညာပေးဟောပြောပွဲကို မေ ၂ရက်က ညောင်သုံးပင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးတင်အုန်းက စိုက်ပျိုးရသည့် ရည်ရွယ်ချက်နှင့် စိုက်ပျိုးခြင်းနည်းစနစ်များကို အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။**(ဝဲပုံ)** အခမ်းအနားသို့ တောအုပ် ဦးမျိုးမြင့်ဦးနှင့် နယ်မြေဝန်ထမ်းများ၊ ကျေးရွာပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

ဆလတ်ရွက်ကို ပုံမှန်စားသုံးပေးပါလျှင် ဆီးချိုဖြစ်ပွားမှုကို လျော့ကျစေနိုင်ဟုဆို

ရန်ကုန် မေ ၅

ဆလတ်ရွက်ကို စားသုံးခြင်းသည် သွေးကြောပိတ်ဆို့မှုကို ကာကွယ်ပေးနိုင်သည့်အပြင် ဆီးချိုရောဂါဖြစ်ပွားမှုကိုလည်း လျော့ကျစေနိုင်ကြောင်း ဗြိတိသျှ ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

ဆလတ်ရွက်ကို ဖျော်ရည် ပြုလုပ်ပြီး သီတင်းတစ်ပတ်လျှင် သုံးကြိမ် နှစ်အောင်စခန့် သောက်သုံးပေးပါက လေးလနှင့်ခြောက်လအတွင်း ခန္ဓာကိုယ်အတွင်း သွေးပျစ်မှုနှင့် သွေးကြော ပိတ်ဆို့မှုများကို ကာကွယ်ပေးနိုင်ကြောင်း သိရသည်။

ဆလတ်ရွက်တွင်ပါဝင်သော ဟိုက်ပိုကလိစီမစ် အင်ဆူလင်သည် လူ၏ခန္ဓာကိုယ်တွင်း သွေးထဲရှိ သကြားဓာတ်ပါဝင်မှုအနေအထားကို လျှော့ချပေးနိုင်သည့်အပြင် သွေးတွင်ပါရှိသော အဆိပ်ဓာတ်များကို ဖယ်ရှားပေးနိုင်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

စားသုံးပေးသင့်

ထို့အပြင် ဆလတ်ရွက်တွင်ပါဝင်သော ဓာတ်များက မျက်စိအမြင်ဓာတ်ကို ကြည်လင်စေရန် အထောက်အကူပြုပေးနိုင်သဖြင့် အမြင်အာရုံချို့တဲ့သူများ ဆလတ်ရွက်ကို ပုံမှန်စားသုံးပေးသင့်ကြောင်း ဗြိတိသျှ ဆေးသိပ္ပံပညာရှင်များက အကြံပြုထားသည်။

* *ရှေ့ဖုံးမှ*

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းက အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့က ခွင့်ပြုခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပြီးသော စီမံကိန်းကိုးခု၊ ဆောင်ရွက်ဆဲစီမံကိန်း ၃၅ခုနှင့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့သို့ အကောင်အထည်ဖော်ရန် ခွင့်ပြုချက်တောင်းခံသည့် ဘောဂတရေအားလျှပ်စစ်စီမံကိန်းတို့နှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

ဘောဂတရေအားလျှပ်စစ်စီမံကိန်း

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနက ပဲခူးတိုင်း ကျောက်ကြီးမြို့၏ အရှေ့မြောက်ဘက် ၁၀မိုင်ခန့်အကွာ ဘောဂတချောင်းပေါ်၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် ဘောဂတ ရေအားလျှပ်စစ်စီမံကိန်းမှာ စက်တပ်ဆင် အင်အား၁၆၈မဂ္ဂါဝပ်ရှိပြီး နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၅၀၀ကို ထုတ်လုပ်ဖြန့်ဖြူးသွားမည့် စီမံကိန်းဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁

ဘောဂတ ရေအားလျှပ်စစ်စီမံကိန်း

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနက ပဲခူးတိုင်း ကျောက်ကြီးမြို့၏ အရှေ့မြောက်ဘက် ၁၀မိုင်ခန့် အကွာ ဘောဂတချောင်းပေါ်၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် ဘောဂတရေအားလျှပ်စစ်စီမံကိန်းမှာ စက်တပ်ဆင်အင်အား ၁၆၈ မဂ္ဂါဝပ်ရှိပြီး နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၅၀၀ ကို ထုတ်လုပ် ဖြန့်ဖြူးသွားမည့် စီမံကိန်းဖြစ်။

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း

ပဲခူးတိုင်း ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းပုံစံငယ်ကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



ရှင်းလင်း တင်ပြ

အမှတ် (၁) လျှပ်စစ် စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

ရှင်းလင်း တင်ပြ

အမှတ် (၂) လျှပ်စစ် စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

ရှင်းလင်း တင်ပြ

ပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

တည်ဆောက်ပြီးသော စီမံကိန်းများမှာ ဇော်ဂျီရေလှောင်တမံ ရေအားလျှပ်စစ်စီမံကိန်း၊ ဇောင်းတူစီမံကိန်း၊ သဖန်းဆိပ်စီမံကိန်း၊ မုန်းချောင်းစီမံကိန်း၊ ပေါင်းလောင်းစီမံကိန်း၊ ရဲနွယ်စီမံကိန်း၊ ခပေါင်းစီမံကိန်း၊ ကျိုင်းတောင်းစီမံကိန်းနှင့် ရွှေလီ(၁)စီမံကိန်းတို့ဖြစ်သည်။

အမှတ်(၂)လျှပ်စစ်စွမ်းအား

ယင်းနောက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်က မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံ စီမံကိန်းလုပ်ငန်းများအနက် တည်ဆောက်အကောင်အထည်ဖော် ပြီးစီးသောစီမံကိန်းများ၊ တည်ဆောက်ဆဲစီမံကိန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းများကို ရှင်းလင်းတင်ပြသည်။

ရေအားလျှပ်စစ်စီမံကိန်းများမှ ထွက်ရှိလာမည့်ဓာတ်အားကို ဓာတ်အားစနစ်သို့ ပို့လွှတ်နိုင်ရန်အတွက် မဟာဓာတ်အားလိုင်းစီမံကိန်းများ၊ ပင်မဓာတ်အားခွဲရုံစီမံကိန်းများကို အချိန်နှင့်တစ်ပြေးညီ တည်ဆောက်ပြီး ဓာတ်အားသယ်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ဓာတ်အားစနစ်မှ ဓာတ်အားကို သုံးစွဲသူများထံ ဆက်လက်ဖြန့်ဖြူးနိုင်ရေးအတွက် ဖြန့်ဖြူးရေးဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံငယ်များကို အချိုးညီတည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အချိန်နှင့်တစ်ပြေးညီ

လက်ရှိဆောင်ရွက်ဆဲ မဟာဓာတ်အားလိုင်းစီမံကိန်းနှစ်ခုမှာ လှိုင်သာယာ-အသုတ် ၂၃၀ ကေဗွီ ဧရာဝတီမြစ်ကျော် (ကဇင်းတော) တာဝါတိုင်များ ပြောင်းရွှေ့တည်ဆောက်ခြင်းစီမံကိန်းနှင့် မြောင်းမြ-လပွတ္တာ ၆၆ကေဗွီ ဓာတ်အားလိုင်း ၃၆ဒသမ၃၄မိုင် စီမံကိန်းတို့ဖြစ်ပြီး ဓာတ်အားခွဲရုံစီမံကိန်းများအနေဖြင့် ၆၆ကေဗွီ မြောင်းမြဓာတ်အားခွဲရုံ၌ ၆၆ကေဗွီ Switch Bay တစ်ခုတိုးချဲ့တပ်ဆင်ခြင်းစီမံကိန်းနှင့် လပွတ္တာ (၆၆/၁၁)ကေဗွီ၊ ၁၀အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းစီမံကိန်းတို့ဖြစ်ကာ အချိန်နှင့်တစ်ပြေးညီ ပြီးစီးရန် ဆောင်ရွက်လျက်ရှိသည်။



ကမာနတ်-မြောင်းတကာ ၂၃၀ကေဗွီ မဟာဓာတ်အားလိုင်း ကြိုးဆွဲလုပ်ငန်းများကို ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း)မှ လျှပ်စစ်လုပ်သားကြီးများ ဤသို့ ဆောင်ရွက်ခဲ့ကြသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မဟာဓာတ်အားလိုင်း

နောင်ဆက်လက်ဆောင်ရွက်မည့် မဟာဓာတ်အားလိုင်းများအဖြစ် စိုင်ဒင်-ဘူးသီးတောင်-မောင်တော ၆၆ကေဗွီ ဓာတ်အားလိုင်းစီမံကိန်း၊ စိုင်ဒင်-ကန်စောက် ၆၆ကေဗွီဓာတ်အားလိုင်းစီမံကိန်း၊ အထက်ဖူးရှာ-ဖူးရှာ ၁၃၂ကေဗွီ နှစ်ထပ်မဟာဓာတ်အားလိုင်းစီမံကိန်း၊ ဖူးရှာ-တညောင် ၁၃၂ကေဗွီ နှစ်ထပ်မဟာဓာတ်အားလိုင်းစီမံကိန်း၊ တညောင်-ချောက် ၁၃၂ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်း၊ တညောင်-မန်း ၁၃၂ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်း၊ ညောင်ပင်ကြီး-ချောင်းကူး(ပေါက်) ၂၃၀ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်း၊ ချောင်းကူး(ပေါက်)-ပေါက် ၆၆ကေဗွီ နှစ်ထပ်ဓာတ်အားလိုင်းစီမံကိန်း၊ ချောင်းကူး(ပေါက်)-ကျော ၆၆ကေဗွီ ဓာတ်အားလိုင်းစီမံကိန်း၊ သဖန်းဆိပ်-ငှက်ပျော်ဒိုင်း ၁၃၂ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်း၊ အထက်ဆည်တော်ကြီး-ဆည်တော်ကြီး ၁၃၂ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်း၊ အထက်ရဲရွာ-ရွှေစာရံ ၂၃၀ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်းစသည့် မဟာဓာတ်အားလိုင်းစီမံကိန်း အခု၂၀ဖြစ်သည်။ ထို့အတူ မဟာဓာတ်အားလိုင်းများနှင့်အတူ လိုအပ်သော ပင်မဓာတ်အားခွဲရုံစီမံကိန်း ၃၀ကိုလည်း ဆက်လက်တည်ဆောက်သွားမည်ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း)မှ တာဝန်ယူတည်ဆောက်ခဲ့သော ကမာနတ်-မြောင်းတကာ ၂၃၀ကေဗွီ မဟာဓာတ်အားလိုင်းကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ရေအားလျှပ်စစ်စီမံကိန်းများမှ ထွက်ရှိလာမည့် ဓာတ်အားကို ဓာတ်အားစနစ်သို့ ပို့လွှတ်နိုင်ရန်အတွက် မဟာဓာတ်အားလိုင်းစီမံကိန်းများ၊ ပင်မဓာတ်အားခွဲရုံစီမံကိန်းများကို အချိန်နှင့်တစ်ပြေးညီ တည်ဆောက်ပြီး ဓာတ်အားသယ်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ဓာတ်အားစနစ်မှ ဓာတ်အားကို သုံးစွဲသူများထံ ဆက်လက်ဖြန့်ဖြူးနိုင်ရေးအတွက် ဖြန့်ဖြူးရေးဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံငယ်များကို အချိုးညီတည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ။

ရှင်းလင်းတင်ပြ

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ် မှူး ချုပ်လွန်းသီရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၇ မှ

ရန်ကုန်မြို့ရှိ လှော်ကား၊ ရွာမ၊ အလုံ၊ သာကေတ သဘာဝဓာတ်ငွေ့သုံး စက်ရုံများရှိ စက်များကိုလည်းကောင်း၊ နယ်ရှိ ကျွန်းချောင်း၊ မန်း၊ ရွှေတောင် စသည့် သဘာဝဓာတ်ငွေ့သုံး စက်များကိုလည်းကောင်း လိုအပ်သော အကြီးစား ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပို့ဆောင်ရေး

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်ကဲ့သို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တစ်ခုအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆင့်သုံးဆင့်ခွဲခြား

နေပြည်တော်လေဆိပ် လက်ရှိ လေယာဉ်ပြေးလမ်း ပေ(၁၂၀၀၀X၂၀၀) နှင့် အပြိုင် လေယာဉ်ပြေးလမ်း ပေ(၁၂၀၀၀X ၁၀၀)တစ်ခု၊ လေယာဉ် အဝင်/အထွက် လမ်း ပေ(၆၅၀X ၁၀၀) လေးခု၊ ပေ (၅၅၀X ၁၀၀) လေးခု၊ လေယာဉ်ရပ်နား လမ်းနေရာ ပေ (၁၂၀၀X၁၂၀၀)နှင့် လေဆိပ် အဆောက်အအုံ၊ လေကြောင်းထိန်းမျှော်စင်နှင့် လိုအပ်သော လေဆိပ်ဆိုင်ရာ ဆက်စပ်လုပ်ငန်းနှင့် အဆောက်အအုံများကို အဆင့်သုံးဆင့် ခွဲခြား၍ နိုင်ငံတကာအဆင့်မီလေဆိပ်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။

စွမ်းအင်

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စွမ်းအင်ဆိုင်ရာ စီမံကိန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရထားပို့ဆောင်ရေး

ယင်းနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ မြန်မာ့မီးရထားစက်ခေါင်း၊ တွဲစက်ရုံကြီးသုံးရုံအား အဆင့်မြှင့်တင်ပြီး စက်ခေါင်းနှင့် တွဲများကို အရည်အသွေးပြည့်မီစွာဖြင့် ပြည်တွင်း၌ တိုးချဲ့ထုတ်လုပ်နိုင်စေမည့် စီမံကိန်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အထောက်အကူပြု

မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းသည် ကြံခင်း-ပခုက္ကူ ရထားလမ်းပိုင်းရှိ မကွေးတိုင်း မင်းဘူးမြို့မှ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ဆက်သွယ်သည့် ရထားလမ်းစီမံကိန်းဖြစ်သည်။ အဆိုပါ ရထားလမ်းသည် ခရီးမိုင် ၂၅၇မိုင်ခန့်ရှိပြီး ဥမင်လိုဏ်ခေါင်းများ၊ တံတားကြီးများဖြင့် ဆင်ခေါင်း-ပဒါန်း-နတ်ရေကန်တောင်-အမ်း-မင်းပြား-မြောက်ဦး-ကျောက်တော်မြို့များသို့ ဖြတ်သန်းသွားမည်ဖြစ်သည်။ ဖောက်လုပ်ပြီးစီးပါက ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများသည် မြန်မာနိုင်ငံရှိ ဒေသအသီးသီးသို့ လွယ်ကူချောမွေ့စွာဖြင့် သွားလာနိုင်ကြမည်ဖြစ်ပြီး စီးပွားရေး၊ လူမှုရေး အပါအဝင် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် ပြည်နယ်နှင့်တိုင်း အားလုံးသို့ ဖြန့်ကြက် ရောက်ရှိစေမည့် နိုင်ငံတော် ရထားလမ်းကွန်ရက်ကြီး (National Railway Network) ကို တည်ဆောက် အကောင်အထည်ဖော်လျက်ရှိရာ ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၊ ကသာ-ဗန်းမော် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၊ နမ့်စန်-ကျိုင်းတုံ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း နှင့် ထားဝယ်-မြိတ် ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ။

မြန်မာ့မီးရထား၏ နေပြည်တော်ပျဉ်းမနား-မြို့ဟောင်း ဒွေးလမ်းကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်း အဆင့်အားလုံး ပြီးစီးသွားပါက မြင်တွေ့ရမည့် လေဆိပ်တစ်ခုလုံး၏ အပေါ်စီးမြင်ကွင်း ဒီဇိုင်းပုံစံကို ဤသို့ ခေတ်မီလှပစွာတွေ့ရသည်။ (သတင်းစဉ်)

အတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။ ရထားလမ်းတစ်လျှောက် ဘူတာပေါင်း၅၁ဘူတာပါဝင်မည်ဖြစ်ပြီး တံတားကြီး၊ငယ်ပေါင်း၁၂၈၅စင်းကို တည်ဆောက်သွားရန်ရှိသည်။

အဆင့်အတန်းမီ

မြန်မာ့မီးရထားစက်ခေါင်း/တွဲစက်ရုံ သုံးရုံဖြစ်သည့် စက်ခေါင်းစက်ရုံ (အင်းစိန်)၊ ဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်)နှင့် တွဲပြင်နှင့် တွဲတည်ဆောက်ရေးစက်ရုံ(မြစ်ငယ်)တို့၌ လက်ရှိအသုံးပြုနေသည့် စက်ခေါင်းများကို အကြီးတန်း၊ အလတ်တန်း ပြုပြင်မွမ်းမံခြင်း၊ ကိုယ်ပိုင်စက်ခေါင်းများ ထုတ်လုပ်ခြင်း၊ သက်တမ်းပြည့်စက်ခေါင်းများကို အင်ဂျင်သစ် လဲလှယ်အသုံးပြုခြင်း၊ လူစီးတွဲ၊ ကုန်တွဲအသစ်များ ထုတ်လုပ်ခြင်း၊ အကြီးတန်းပြုပြင်ခြင်းတို့ကို အဆင့်အတန်းမီစွာ ပြုလုပ်သွားရန်ဖြစ်သည်။

အကောင်အထည်ဖော်

ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် ပြည်နယ်နှင့်တိုင်းအားလုံးသို့ ဖြန့်ကြက်ရောက်ရှိစေမည့် နိုင်ငံတော် ရထားလမ်းကွန်ရက်ကြီး (National Railway Network) ကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိရာ ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ ကသာ-ဗန်းမော် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ နမ့်စန်-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းနှင့် ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စနစ်တကျ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိဂုံးချုပ်ပြောကြားရာတွင် ချမှတ်ပေးထားသော စီမံကိန်းလုပ်ငန်းကြီးများကို အသေးစိတ် လုပ်ငန်းဇယားများရေးဆွဲ၍ ဖိဖိစီးစီး အကောင်အထည်ဖော်ရန်နှင့် တည်ဆောက်ပြီးသည့်လုပ်ငန်းများကိုလည်း ရေရှည်အသုံးပြုနိုင်အောင် စနစ်တကျ ပုံမှန်ထိန်းသိမ်းပြုပြင်မှုများကို ပြုလုပ်သွားရန်မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံတကာအဆင့်မီ လေဆိပ်

နေပြည်တော်လေဆိပ် လက်ရှိ လေယာဉ်ပြေးလမ်း ပေ(၁၂၀၀၀x၂၀၀)နှင့်အပြိုင် လေယာဉ်ပြေးလမ်းပေ(၁၂၀၀၀x၁၀၀) တစ်ခု၊ လေယာဉ်အဝင်/အထွက်လမ်း ပေ(၆၅၀x၁၀၀) လေးခု၊ ပေ(၅၅၀ x ၁၀၀) လေးခု၊ လေယာဉ်ရပ်နားလမ်းနေရာ ပေ(၁၂၀၀x၁၂၀၀)နှင့် လေဆိပ်အဆောက်အအုံ၊ လေကြောင်းထိန်းမျှော်စင်နှင့် လိုအပ်သော လေဆိပ်ဆိုင်ရာ ဆက်စပ်လုပ်ငန်းနှင့် အဆောက်အအုံများကို အဆင့်သုံးဆင့် ခွဲခြား၍ နိုင်ငံတကာအဆင့်မီလေဆိပ်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(သီလဝါ)၌ ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်း ဆောင်ရွက်

ရန်ကုန် မေ ၆

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွန့်စိန်၊ ညွှန်ကြားရေးမှူး(ကူးစက်) ဒေါက်တာစိုးလွင်ငြိမ်းနှင့် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်တို့ ဦးဆောင်သော ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးအဖွဲ့သည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန မြန်မာ့ခရီးသွားလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးဝင်းလှိုင်နှင့် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြစ်ဝ၌ ရောက်ရှိနေသော ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး M.V Crystal Symphony ပေါ်သို့ သွားရောက်ကာ မြန်မာနိုင်ငံအတွင်းသို့ ကမ္ဘာ့လူတုပ်ကွေးရောဂါ ဝင်ရောက်မှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်တားဆီးရန်နှင့် ကမ္ဘာလှည့်ခရီးသည်များ သွားလာမှု လွယ်ကူအဆင်ပြေစေရေးအတွက် ကူညီဆောင်ရွက်ရန် အဆိုပါသင်္ဘောကြီးပေါ်ရှိ ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်း၍ ကမ္ဘာလှည့်ခရီးသည်များ၏ လူနာမှတ်တမ်းများကို ကြည့်ရှုစစ်ဆေးပြီး ခရီးသည်များ၏ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ပူးပေါင်း ဆောင်ရွက်ပေးကြသည်။

လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါမှ ကမ္ဘာ့လူတုပ်ကွေးရောဂါဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မေ ၅ရက်က ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး M.V Crystal Symphony ပေါ်မှ ကမ္ဘာလှည့်ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

(သတင်းစဉ်)

လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါမှ ကမ္ဘာ့လူတုပ်ကွေးရောဂါဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မေ ၆ရက်က မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်(တံတားဦး)၌ ဝင်ရောက်လာသော ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ်။ (သတင်းစဉ်)

ကိုယ်အပူချိန်တိုင်းတာ

မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(သီလဝါ)၌ ယင်းသင်္ဘောကြီးပေါ်မှ ကမ္ဘာလှည့်ခရီးသည်များအား အပူချိန်တိုင်းကိရိယာများဖြင့် ကိုယ်အပူချိန်တိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ပါရှိလာခြင်း မရှိ

အဆိုပါ ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး M. V Crystal Symphony သည် Myanmar Voyages International Tourism Co.,Ltd. ၏ စီစဉ်မှုဖြင့် အမေရိကန်နိုင်ငံ အခြေစိုက် Crystal Cruises မှ ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း ၃၉၄ဦးနှင့် သင်္ဘောအမှုထမ်း ၅၄၆ဦးတို့အား သယ်ဆောင်လာရာ ဝက်တုပ်ကွေးရောဂါဝေဒနာရှင် တစ်ဦးတစ်ယောက်မျှ ပါရှိလာခြင်း မရှိကြောင်း သိရသည်။

(သတင်းစဉ်)

ဝက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အစီအမံများ ဆောင်ရွက်လျက်ရှိ မြန်မာနိုင်ငံတွင် မွေးမြူရေးဝက်များသို့ ကူးစက်ဖြစ်ပွားမှု မရှိသေး

နေပြည်တော် မေ ၆

လူတွင်ဖြစ်ပွားသော A/H_1N_1 ဗိုင်းရပ်စ်ရောဂါသည် ဧပြီ ၁၇ရက်မှ မေ ၅ရက်အထိ ရောဂါသံသယနှင့် အတည်ပြုနိုင်ငံပေါင်း ၂၁နိုင်ငံသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး ရောဂါသံသယကူးစက်ခံရသူ ၅၃၆၈ဦး၊ အတည်ပြုရောဂါဖြစ်ပွားသူ ၁၄၉၀၊ သေဆုံးသူ ၃၁ဦးရှိခဲ့ပြီး အာရှ၊ ပစိဖိတ်ဒေသအတွင်း တောင်ကိုရီးယားနှင့် ဟောင်ကောင်တို့၌ အတည်ပြုရောဂါဖြစ်ပွားသူ သုံးဦး ပါဝင်ကြောင်း သိရှိရသည်။

ကြိုတင်တားဆီး

ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ တိရစ္ဆာန်ဆေးကုအကြီးအကဲ Dr. Joseph Domenech က ကနေဒါနိုင်ငံ အယ်ဘာဒါဝက်ခြံ၌ လူမှဝက်သို့ A/H_1N_1 ဗိုင်းရပ်စ်ကူးစက်တွေ့ရှိမှုနှင့်ပတ်သက်၍ မေ ၄ရက်က ပြောကြားရာတွင် တုပ်ကွေးဗိုင်းရပ်စ်သည် လူမှတိရစ္ဆာန်သို့ ကူးစက်နိုင်သော သဘာဝရှိခြင်းကြောင့် အံ့သြထိတ်လန့်စရာမဟုတ်ကြောင်း၊ လူနှင့်တိရစ္ဆာန်ဗိုင်းရပ်စ် ကူးစက်မှုရှိလာသဖြင့် တိရစ္ဆာန်ကျန်းမာရေးသတိဖြင့် စောင့်ကြည့်ရန် လိုအပ်ကြောင်း၊ ဝက်များတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ လက္ခဏာများတွေ့ရှိပါက သီးခြားထားရှိခြင်း၊ သွားလာမှုကန့်သတ်ခြင်း၊ တိရစ္ဆာန်ဆေးကုဌာနသို့ ချက်ချင်း သတင်းပို့ခြင်းများဆောင်ရွက်ရန် အကြံပြုကြောင်း၊ တုပ်ကွေးရောဂါကာကွယ်တားဆီးရေးအတွက် ဝက်များအား သတ်ဖြတ်သုတ်သင်ခြင်းသည် ပြည်သူ့ကျန်းမာရေးနှင့် တိရစ္ဆာန်ကျန်းမာရေးအထောက်အကူပြုမည် မဟုတ်ကြောင်း၊ ရောဂါအရင်းအမြစ် စူးစမ်းရှာဖွေမှုနှင့် အထွေထွေဇီဝလုံခြုံမှု မြှင့်တင်ခြင်းသည် အကောင်းဆုံးကြိုတင်တားဆီးမှုဖြစ်ပါကြောင်း ရှင်းလင်းထုတ်ပြန်ထားသည်။

FAO, WHO, Codex Alimentarius Commission နှင့် OIE တို့မှ ဝက်သားနှင့် ဝက်ထွက်ပစ္စည်းများကို စနစ်တကျ ကိုင်တွယ်ချက်ပြုတ်စားသောက်ပါက ရောဂါကူးစက်မှု အန္တရာယ်မရှိနိုင်ကြောင်း အလေးအနက် ပြောကြားသည်။

ပညာပေးနှိုးဆော်

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပြည်နယ်၊တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့်တွင် ဒေသအာဏာပိုင်အဖွဲ့အစည်း၊ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဝက်တုပ်ကွေး အသိပညာပေးနှိုးဆော်ခြင်း၊ လက်ကမ်းစာစောင်များ ရှင်းလင်းထုတ်ပြန်ခြင်း၊ ရောဂါစူးစမ်းထောက်လှမ်းခြင်း၊ ဇီဝလုံခြုံမှုမြှင့်တင်ခြင်းများ၊ ဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၂၈ရက်တွင် ရန်ကုန်မြို့၌ မြန်မာနိုင်ငံ FAO နည်းပညာအကြံပေး အကြီးတန်းအရာရှိ Dr. Murray Maclean၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးနှင့် ပြည်နယ်၊တိုင်း တိရစ္ဆာန်ဆေးကု ဆရာဝန်များ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဝက်မွေးမြူရေးလုပ်ငန်းရှင် ၆၀ကျော်နှင့် ဝက်တုပ်ကွေး ကြိုတင်ကာကွယ် တားဆီးရေး အစီအမံများ၊ ဇီဝလုံခြုံမှုအစီအစဉ်များ၊ ရောဂါရှာဖွေ ကုသမှုလုပ်ငန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်၍ ရောဂါကာကွယ်တားဆီးရေး ကြိုတင်ပြင်ဆင် ညှိနှိုင်းခဲ့သည်။ ပြည်ပမှ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် လူပုဂ္ဂိုလ်များအား ဝက်ခြံများသို့ အကြောင်းအမျိုးမျိုးဖြင့် တိုက်ရိုက်မသွားရောက်စေဘဲ ဇီဝလုံခြုံမှုအစီအမံများ ဆောင်ရွက်ပြီးမှသာ သွားရောက်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် မေ ၅ရက်အထိ လူတွင်ဖြစ်ပွားသော တုပ်ကွေး A/H_1N_1 ဗိုင်းရပ်စ်ရောဂါသည် မွေးမြူရေးဝက်များသို့ ကူးစက်ဖြစ်ပွားမှု လုံးဝမရှိသေးကြောင်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ဝက်တုပ်ကွေးရောဂါ မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိရေး နယ်စပ် ဝင်ပေါက် ထွက်ပေါက်များ၌ ကျန်းမာရေးစစ်ဆေးနေ

နေပြည်တော် မေ ၆

တုပ်ကွေးရောဂါ A/H_1N_1 သည် ဧပြီ ၁၇ရက်မှ စတင်၍ ဖြစ်ပွားခဲ့ရာ ယနေ့အထိ ကမ္ဘာပေါ်တွင်အတည်ပြုတုပ်ကွေးရောဂါဖြစ်ပွားသူ စုစုပေါင်း ၁၄၉၀ရှိပြီး သေဆုံးသူ စုစုပေါင်း ၃၁ဦးရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မေ ၅ရက်တွင် ထုတ်ပြန်ထားသော သတင်းများအရ သိရှိရပြီး မက္ကဆီကိုနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၁နိုင်ငံ၌ ရောဂါကူးစက်မှုရှိခဲ့ကြောင်း သိရှိရသည်။

စတင်ဆောင်ရွက်

တုပ်ကွေးရောဂါ A/H_1N_1 မှ ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဧပြီ ၂၅ရက်မှ စတင်ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ယခုဖြစ်ပွားလျက်ရှိသော တုပ်ကွေးရောဂါ Influenza A/H_1N_1 မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်မလာစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သော နေ့စဉ်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊ ဆေးကုသမှုလုပ်ငန်းဆိုင်ရာ ပြင်ဆင်ထားရှိခြင်း၊ ဆေးရုံများတွင် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းနှင့် ဓာတ်ခွဲစမ်းသပ်နိုင်ရန် ပစ္စည်းများဖြည့်ဖြူးထားရှိခြင်း၊ လူနာသီးသန့်ဆောင်များ အသင့်အနေအထား ပြင်ဆင်ထားရှိခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

အသိပညာပေး

ပြည်သူလူထုအား ယခုဖြစ်ပွားလျက်ရှိသော တုပ်ကွေးရောဂါ A/H_1N_1 ဖြစ်ပွားမှုအခြေအနေကို ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများမှတစ်ဆင့် ကြိုတင်ကာကွယ်နှိမ်နင်းရေး၊ ကျန်းမာရေးအသိပညာပေးခြင်း၊ အချိန်နှင့် တစ်ပြေးညီ သတင်းထုတ်ပြန်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၂၉ရက်မှ စတင်၍ အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းနှင့် နယ်စပ်ဒေသဝင်ပေါက်၊ ထွက်ပေါက်များ၌ ဝင်ရောက်လာသော ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ကူးစက်မှုလုံးဝမရှိ

မြန်မာနိုင်ငံ၌ ယနေ့အထိ တုပ်ကွေးရောဂါ A/H_1N_1 ကူးစက်ဖြစ်ပွားမှု လုံးဝမရှိသေးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး၊
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မန္တလေးတိုင်းအတွင်းရှိ မြို့နယ်များ၌ ကျန်းမာရေးဆောင်ရွက်မှု လုပ်ငန်းများ ဝန်ကြီးဒေါက်တာကျော်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၆

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝင်းမြင့်၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာတင်ညွှန့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁ ရက်တွင် မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် ကျန်းမာရေးဦးစီးဌာန ပြုပြင်တည်ဆောက်မှုလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်ချက်များ ဖြည့်ဆည်း မှာကြားသည်။

နှုတ်ဆက်အားပေး

ဝန်ကြီးသည် မေ ၂ရက် နံနက်ရနာရီတွင် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်ရှိ အမှတ်(၁၉) အခြေခံပညာအထက်တန်းကျောင်း၌ ကျန်းမာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းအခမဲ့ ကုသရေးအဖွဲ့၏ ပြင်ပလူနာဌာန၊ လူနာမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်နေမှု၊ ဆေးပေးခန်း၊ တိုင်းရင်းဆေးအထူးကုသခန်း၊ အရေပြားအထူးကုသခန်း၊ ခုခံကျ ကာလသားရောဂါ၊ ၄က်ဖျားရောဂါနှင့် တီဘီရောဂါအထူးကုသခန်း၊ ခွဲစိတ်အထူးကုသခန်း၊ အထွေထွေရောဂါ၊ သားဖွားနှင့် မီးယပ်အထူးကုသခန်း၊ ကလေးအထူးကုသခန်း၊ သွားနှင့်ခံတွင်း အထူးကုသခန်းများ၌ စမ်းသပ်ကုသပေး မှုများကို လှည့်လည်ကြည့်ရှုအားပေးကာ လူနာများအား နှုတ်ဆက်အားပေးသည်။

ဝန်ကြီးသည် မေ ၃ရက် နံနက် ရနာရီခွဲတွင် မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါကုဆေးရုံကြီးသို့ သွားရောက်၍ မြန်မာနိုင်ငံ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် Dr. Yoshifumi Fujita ဦးဆောင်သော ဂျပန်နိုင်ငံ မျက်စိအထူးကုဆရာဝန်ကြီးများ ပူးပေါင်းဆောင်ရွက်မည့် အခမဲ့မျက်စိ အတွင်းတိမ်ခွဲစိတ်ကုသခြင်း ဆောင်ရွက်မည့်အစီအစဉ်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဝန်ကြီးသည် မျက်စိရောဂါ ဝေဒနာရှင်များနှင့် လူနာရှင်များအား နှုတ်ဆက်အားပေးပြီး မျက်စိအထူးကု ဆရာဝန်ကြီးများ၏ မျက်စိစမ်းသပ်စစ်ဆေး ခွဲစိတ်ကုသမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ မျက်စိအခမဲ့ ခွဲစိတ်ကုသမှု လုပ်ငန်းအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းမှာကြား

ထို့နောက် ဝန်ကြီး ဒေါက်တာကျော်မြင့်သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သွားရောက်၍ လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါ (Swine Influenza)မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိသော ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ကျန်းမာရေးစစ်ဆေးစမ်းသပ်မှု**(အပေါ်ပုံ)**အခြေအနေများနှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြည်ပမှရောက်ရှိလာသည့် ခရီးသည်များအား ကျန်းမာရေးစစ်ဆေး စမ်းသပ်မှုလုပ်ငန်းဆောင်ရွက်နေမှုတို့ကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်ကို ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၅-၂၀၀၉

(ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅:၁၅ MRTV-4 နံနက်ခင်းသတင်း
၆:၀၀ **နှောင်ဖွဲ့ခြင်းနှင့် လွတ်မြောက်ခြင်း** တရားတော် (အရှင်ဥတ္တရ ကျိုက်ဒေးယျုံဆရာတော်)
၇:၀၀ ရတနာသိုက်ရှာပုံတော် (အပိုင်း-၂၇)
၇:၃၀ The Jetsons
၈:၀၀ MRTV-4 နံနက်ခင်းသတင်း
၈:၄၅ အနုပညာမိုးကောင်းကင်
၉:၁၀ အဓိဋ္ဌာန်ပြုကာဆုခြွေမည် ဦးရာဇ်တော်စေတီ
၉:၂၅ Yangon Panorama (ကမ္ဘာ့အသိဉာဏ်ပစ္စည်းဆိုင်ရာနေ့ အထိမ်းအမှတ် အခမ်းအနား)
၉:၅၀ **မပြောမပြီး မတီးမမြည်** နေရဲလင်း၊ မိုးဇော်၊ မောင်မောင်မြင့်၊ ရှင်ဖုန်းသိမ့်ချယ်၊ နိုင်ဆုသွယ် (ဒါရိုက်တာ-မောင်မောင်မြင့်)
၁၀:၁၅ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ကချင်တိုင်းရင်းသား ရိုးရာဖက်ရှင်)
၁၀:၄၀ တေးဂီတအစီအစဉ်
၁၁:၀၀ စားချင်စဖွယ် နည်းအသွယ်သွယ် (ဖက်ထုတ်ပြုတ်၊ ဝက်သားစဉ်းကောဆလတ်)
၁၁:၂၀ ကမ်းခြေဟိုတယ်တစ်ခု၏ ဗိသုကာအနုပညာ
၁၁:၃၀ Fashion Guide (အလှအပနှင့်နွေရာသီ)
၁၂:၀၅ အားလပ်ရက်တစ်နေ့မှာ (စားချင်ဖွယ်ရာကိုးကန့်ရိုးရာ အစားအစာ)
၁၂:၃၀ Shopping Guide (ကမ္ဘာ့အေးဂမုန်းပွင့်ဒုတိယထပ်)
၁၂:၄၀ Activities in the City (အင်းဝစာအုပ်တိုက်၏ ဗုဒ္ဓစာပေပွဲတော်)
၁:၀၀ **နှောင်ဖွဲ့ခြင်းနှင့် လွတ်မြောက်ခြင်း** တရားတော် (အရှင်ဥတ္တရ ကျိုက်ဒေးယျုံဆရာတော်)
၂:၀၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ကဝေပျို၏ပစ္စုပ္ပန်**
၂:၃၅ လက်သည်းပန်းချီ (အပိုင်း-၂)
၂:၅၀ သိမြင်သုတ တိုးပွားစေရာ ဆဋ္ဌသံဂါယနာ မော်ကွန်းပြတိုက်မှာ
၃:၂၀ ရွှေးချယ်အစုံစုံ ရင်သွေးရိပ်မြုံ (Private International Preschool)
၃:၄၀ Rainforest Homeland (အပိုင်း-၂)
၄:၀၅ သူတို့ပြောတဲ့ သူတို့အကြောင်း (သန်းသန်းစိုး)
၄:၂၀ စပါးမှဆန်အသွင် မြောင်းမြရိုင်၏ဂုဏ်အင်
၄:၃၀ တေးဂီတအစီအစဉ်
၄:၅၀ စိတ်ကြွရူးသွပ်ဆေးအန္တရာယ် (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအောင်သော်)
၅:၂၀ အလှဆင်စရာ ပရိဘောဂကမ္ဘာ(ချမ်းမြေ့သာ)
၅:၄၅ Yangon Panorama (ကမ္ဘာ့အသိဉာဏ်ပစ္စည်းဆိုင်ရာနေ့ အထိမ်းအမှတ်အခမ်းအနား)
၆:၀၀ MRTV-4 ညနေခင်းသတင်း
၆:၁၅ အနုပညာမိုးကောင်းကင်
၆:၄၀ Activities in the City (အင်းဝစာအုပ်တိုက်၏ ဗုဒ္ဓစာပေပွဲတော်)
၆:၅၅ စားချင်စဖွယ်နည်းအသွယ်သွယ် (ဖက်ထုတ်ပြုတ်၊ ဝက်သားစဉ်းကောဆလတ်)
၇:၀၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ကဝေပျို၏ပစ္စုပ္ပန်**
၇:၄၀ Shopping Guide (ကမ္ဘာ့အေးဂမုန်းပွင့်ဒုတိယထပ်)
၈:၀၀ MRTV-4 သတင်း
၈:၁၅ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ကချင်တိုင်းရင်းသားရိုးရာ ဖက်ရှင်)
၈:၅၀ ရွှေးချယ်အစုံစုံရင်သွေးရိပ်မြုံ (Private International Preschool)
၉:၁၀ လက်သည်းပန်းချီ(အပိုင်း-၂)
၉:၃၀ ရတနာသိုက်ရှာပုံတော် (အပိုင်း-၂၇)
၁၀:၀၀ ကဏ္ဍာစုံလင် အားကစားအစီအစဉ်
၁၁:၄၅ သူတို့ပြောတဲ့ သူတို့အကြောင်း (သန်းသန်းစိုး)
၁၂:၀၅ Rainforest Homeland (အပိုင်း-၂)
၁၂:၁၅ အားလပ်ရက်တစ်နေ့မှာ (စားချင်ဖွယ်ရာကိုးကန့်ရိုးရာ အစားအစာ)
၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သစ်သီးအလှ ပြုပြင်ခြင်းသင်တန်းဖွင့်

ရန်ကုန် မေ ၆

ရန်ကုန်အရှေ့ပိုင်းခရိုင်၊ တောင်ဥက္ကလာပမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး၍ သစ်သီးအလှပြုပြင်ခြင်းနှင့် အိုရီဂါမီ(Origami)ဂျပန်စက္ကူအရုပ်ခေါက်နည်းသင်တန်းဖွင့်ပွဲကို မေ ၅ရက် မွန်းလွဲ ၁နာရီခွဲက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်း အဝေးခန်းမတွင် ကျင်းပသည်။ အဆိုပါ အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငွေးကြည်နှင့်အဖွဲ့ဝင်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။ အဆိုပါသင်တန်းမှာ ရက်သတ္တတစ်ပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းဆရာမဒေါ်ရွှေးရွှေးဝင်း(ဂျပန်ပြန်)က စနစ်တကျ အသေးစိတ်တတ်မြောက်အောင် သင်ကြားပေးမည်ဖြစ်သည်။**(၁၀၀)**

NLD ဌာနချုပ်သို့ ဧပြီလအတွင်း အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က (၁၈)ကြိမ်ဝင်ထွက်ခဲ့

ရန်ကုန် မေ ၆

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဗဟိုသည် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး၊ ဗြိတိန်သံရုံးတို့နှင့် အမြဲမပြတ်ဆက်သွယ်၍ ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်လျက်ရှိသဖြင့် ၎င်းတို့၏ဆက်သွယ်ဆောင်ရွက်မှုကို ပြည်သူလူထုက ဝေဖန်လျက်ရှိပြီး မပြတ်ကြည့်ရှုသတိပြုနေကြသည်။

ဝင်ထွက်ခဲ့

ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ NLD ဌာနချုပ်သို့ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က ၂၀၀၉ခုနှစ် ဧပြီလအတွင်း (၁၈)ကြိမ်ဝင်ထွက်မှုရှိခဲ့ကြောင်း၊ အဆိုပါ သံရုံးများသည် NLD, CEC အဖွဲ့ဝင်များနှင့်တွေ့ဆုံခြင်း၊ စာအိတ်ကြီး၊ စာအိတ်ငယ်ပေးပို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက် (အဖိတ်နေ့)

၇-၅-၂၀၀၉ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတွက်စားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သတ္တသတ္တာဟစံနေတော်မူခန်း
၈:၀၀ ၅။ အကပဒေသာ
၈:၁၀ ၆။ ဓမ္မပူဇာတေးအစီအစဉ်
၈:၂၀ ၇။ အတီးပြိုင်ပွဲ
၈:၃၀ ၈။ International News
၈:၄၅ ၉။ တေးဂီတအစီအစဉ်
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ အဆိုပြိုင်ပွဲ
၄:၂၀ ၃။ မံဆောင်းတံတား (ချင်းပြည်နယ်)
၄:၂၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၃၀ ၅။ တေးဂီတအစီအစဉ်
၄:၄၅ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၅:၀၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၁၀ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၂၀ ၉။ **မူးလျှင်မမောင်နဲ့ မောင်းလျှင်မမူးနဲ့** လူမင်း၊ သူသူဟံသာ၊ အိမ်အိမ် (ဒါရိုက်တာ-သက်တင်)
၅:၃၀ ၁၀။ သက်တံရောင်သံစဉ်
၅:၄၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၀၀ ၁၂။ ညနေခင်းသတင်း
၆:၁၀ ၁၃။ မိုးလေဝသအခြေအနေ
၆:၁၅ ၁၄။ ပျော်ရွှင်စေသောနေ့ရက်များ **အလိုလိုက်ခြင်းနည်း** စိုးရန်အောင်၊ ညီထက်၊ ရွှေစင် (ဒါရိုက်တာ-အောင်ကျော်သူရ)
၆:၅၅ ၁၅။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇:၁၅ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာရင်ခွင်**(အပိုင်း-၇)
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၂၀)
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေချစ်သက်တည်** (အပိုင်း-၂၀) ဒုတိယတွဲ (ဇာတ်သိမ်းပိုင်း)
၂၂။ အစီအစဉ်ပြီး၏။

ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် တနင်္သာရီတိုင်းတို့၌ မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

နေပြည်တော် မေ ၆

ရန်ကုန်မူးယစ်(အရှေ့)အထူးအဖွဲ့မှ တာဝန်ရှိသူများသည် ဧပြီ၂၇ရက် ညရနာရီ ၁၅မိနစ်ခန့်တွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်း၌ မောင်မောင်နိုင် မောင်းနှင်သည့် ယာဉ်အမှတ် ည/၆၄၄၇ ဟိုင်းလတ်အနီရောင်ကို ရှာဖွေရာ ယာဉ်ပေါ်တွင် ပါရှိသော မြွေရေခွံအိတ်အတွင်းမှ ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသည့် ဘိန်းဖြူ ဘလောက်တုံးတစ်တုံး (အလေးချိန်ဂရမ် ၃၅၀)ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ တရားခံမောင်မောင်နိုင်အား စစ်ကြောချက်အရ တောင်ကြီးမြို့နေ ထွန်းရွှေ၊ မနန်းခမ်းသူဇာ၊ အောင်ပိုင်နှင့် မစန္ဒာတို့ထံမှရရှိကြောင်းသိရ၍ ဧပြီ၂၈ရက် နံနက်၆နာရီ ၁၀မိနစ်တွင် တောင်ကြီးမူးယစ်အဖွဲ့မှ တာဝန်ရှိသူများသည် ထွန်းရွှေ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အိမ်မီးဖိုအောက်မြေကြီးအတွင်းမှ ပလတ်စတစ်အိတ်ဖြင့် ထုပ်လျက် ဘိန်းဖြူ ဘလောက်တုံးနှစ်တုံး အလေးချိန်ဂရမ် ၇၀၀ကို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ တရားခံမောင်မောင်နိုင်၊ ထွန်းရွှေ၊ မနန်းခမ်းသူဇာနှင့် အောင်ပိုင်တို့အား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး အခြားတရားခံတစ်ဦးဖြစ်သူ မစန္ဒာ(ခ) မထက်ထက်(ခ) မနော်နှင့် ဆက်စပ်တရားခံများအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဖမ်းဆီးစစ်ဆေး

ထို့အတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူများသည် ဧပြီ၂၈ရက် နံနက်၉နာရီ မိနစ် ၄၀ခန့်တွင်ကျောက်မဲမြို့ အမှတ်၉ရပ်ကွက် နယ်မြေ (၁၁) အမှတ်(၉/၄၄၁)နေ ဦးမျိုးလှ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ပလတ်စတစ်ဖြင့် ထုပ်ထားသော ဘိန်းဖြူ အလေးချိန် ၂ ဂရမ်၊ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇ပြား၊ ခတ်ခူးချက်လုပ်ရာတွင် အသုံးပြုသည့် မြင်းခွာရွက်ခြောက်(၁ ဒသမ ၄) ဂရမ်၊ ဘိန်းဆီကပ်နေသည့် လက်ကိုင်ပါဒန်ဒယ်အိုး တစ်ခုနှင့် မူးယစ်ဆေးဝါးရောင်းချရ ငွေကျပ် ၄၄၅၀၀၀တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ထို့အပြင် အိမ်နောက်ဘက် ဂိုဒေါင်အတွင်းရှိ ခုတင်ပေါ်၌ မူးယစ်ဆေးဝါးသုံးစွဲနေသည့် ကျော်လူအား တွေ့ရှိရပြီး ၎င်းနှင့်အတူ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား နှစ်ပြား၊ ခတ်ခူး အလေးချိန် ၂ ဂရမ်၊ ခတ်ခူးရှူရာတွင် အသုံးပြုသည့် အချိုရည်ဘူး တစ်ဘူး၊ ၎င်းပိုင် ယမဟာဒီတီ ၁၂၅ ယာဉ်အမှတ် မတလ/၂၇၉၃၃၃ ဆိုင်ကယ် တစ်စီးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း၊ တရားခံမျိုးလှနှင့် ကျော်လူတို့အား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ကွင်းဆက်တရားခံများ ဖော်ထုတ်ဖမ်း ဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖမ်းဆီးရမိရေး

အလားတူ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမူးယစ်အထူးအဖွဲ့မှ တာဝန်ရှိသူများသည် ဧပြီ ၂၈ရက်ည ၉နာရီခွဲတွင် လားရှိုးမြို့ရပ်ကွက်(၁) နယ်မြေ(၁) ပါရမီလမ်းရှိ မနာဘို၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အိပ်ခန်းအတွင်းမှ အက်ဖီဒရင်း (၆)ကီလိုနှင့် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၇၅၀ တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ၎င်းအား စစ်ကြောချက် အရ ဆက်စပ်တရားခံ လားရှိုးမြို့ ရပ်ကွက်(၅)နေ မနာရီးအား ဖမ်းဆီးရမိခဲ့ကြောင်း၊ အဆိုပါ တရားခံများအား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ကွင်းဆက် တရားခံများအား ဖော်ထုတ် ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထပ်မံသိမ်းဆည်းရမိ

ထို့အပြင် တနင်္သာရီတိုင်းကော့သောင်း မူးယစ်အထူးအဖွဲ့မှ တာဝန်ရှိသူများသည် ဧပြီ ၂၈ ရက် ည ၁၁နာရီခန့်တွင် မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာ အောင်မင်္ဂလာ ရပ်ကွက် သုခ(၇)လမ်း အမှတ် ၄၃၇နေ မထွေးရီ၏ အိမ်ကို ဝင်ရောက်ရှာဖွေရာ အိပ်ခန်းအတွင်း ပလတ်စတစ် အိတ်ဖြင့် ထည့်ထားသည့် ဘိန်းစာမှုန့် အလေးချိန် ၁၃ဒသမ ၉၆ ကီလိုကို သိမ်းဆည်းရမိခဲ့ကြောင်း၊ မထွေးရီအား စစ်ကြောချက်အရ တနင်္သာရီမြို့ တနင်္သာရီစက်လှေဆိပ်ရှိ စက်လှေတစ်စင်း အတွင်း ဝါးခြင်းတောင်း နှစ်လုံးအတွင်းမှ ဘိန်းစာမှုန့် ၃၈၅ ထုပ် အလေးချိန် ၂၆ ဒသမ ၉၅ ကီလိုကို ထပ်မံသိမ်း ဆည်းရမိခဲ့ကြောင်း၊ မထွေးရီနှင့် ဆက်စပ် တရားခံ မြိတ်မြို့နေ ဦးရှိန်၊ ခိုင်လင်းတို့အား ဖမ်းဆီးရမိခဲ့ပြီး မြိတ်မြို့ တပ်ပြင်ရပ်နေ ခြေသိမ်(ခ) ဖိုးချစ်မှာ ထွက်ပြေး တိမ်းရှောင်လျက်ရှိကြောင်း၊ ဖိုးချစ်နှင့် ကွင်းဆက်တရားခံများအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) ၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း

(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) ၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲများ ကျင်းပမည်

ရန်ကုန် မေ ၆

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု Info Myanmar Conputer Service & Training Centre ၏ ပံ့ပိုးမှုတို့ဖြင့် မေ ၉ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်သီရိအဏ္ဏဝါခန်းမ၌ ပါမောက္ခဒေါက်တာအောင်ထွန်းသက်က "နောက်လိုက်ကောင်းများ" (Followership) ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချန်ပီယံလိဂ်ဖလားကာကွယ်ဖို့ စိတ်ဓာတ်တွေမြင့်တက်နေ လူငယ်တွေမို့ အားနည်းချက်များရှိနေဆဲဖြစ်

ဖာဂူဆန်

အာစင်ဝင်းဂါး

ရေးသားတင်ပြသူ-မောင်မောင်မြင့်ဆွေ   စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

လန်ဒန် မေ ၆

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် အာဆင်နယ်နှင့် လက်ရှိချန်ပီယံမန်ယူတို့ မေ ၆ရက်က အာဆင်နယ်ကွင်း၌ ယှဉ်ပြိုင်ကစားရာ မန်ယူတို့က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သဖြင့် နှစ်နှစ်ဆက်တိုက် ဖလားကာကွယ်ရေးအိပ်မက်ကို မက်ခွင့်ရရှိသွားပြီ ဖြစ်သည်။

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲတွင် အဝေးကွင်း၌ အာဆင်နယ်အသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် မန်ယူအသင်း နည်းပြ ဖာဂူဆန်က "ဒီပွဲမှာ အနိုင်ယူခဲ့တာ ဗိုလ်လုပွဲကျင်းပမယ့် အီတလီနိုင်ငံ ရောမကို ကျွန်တော်တို့ သွားရောက်ဖို့ တွန်းပို့လိုက်ပါပြီ။ မန်ယူအသင်းဟာ ကွာတားဖိုင်နယ်ရောက်ကတည်းက ချန်ပီယံလိဂ်ဖလား ကာကွယ်ဖို့ စိတ်ဓာတ်အရှိန်တွေ မြင့်တက်နေတဲ့ အသင်းဖြစ်ပါတယ်။ ဒါကြောင့် အာဆင်နယ် အသင်းကို အနိုင်ကစားခဲ့တာဟာ နိုင်သင့်နိုင်ထိုက်တဲ့ပွဲလို့ ယုံကြည်ပါတယ်"ဟု ဖာဂူဆန်ကပြောကြားသည်။

ထို့အပြင် အာဆင်နယ်နှင့်ပွဲ၌ ကွင်းလယ်ဒိုင်လူကြီး၏ ဆုံးဖြတ်ချက် တချို့နှင့် ပတ်သက်၍လည်း "ဖလက်ချာကို အနီကတ်ပြ ထုတ်ပစ်တာဟာ ဆုံးဖြတ်ချက် မှားတယ်လို့ထင်ပါတယ်။ ကစားသမားအတွက်ရော အသင်းအတွက်ပါ ထိခိုက်ပါတယ်။ ဒီနေ့ကစားသွားတဲ့

"ကျွန်တော့် ကစားသမားတွေလည်း အကောင်းဆုံး ကစားသွားနိုင်ကြတာပါ၊ ဒီရလဒ်ကို ကျွန်တော် ကျေနပ်ပါတယ်" အာစင်ဝင်းဂါး။

ကျွန်တော့် လူတွေကိုချီးကျူးပါတယ်။ သူတို့တွေ အကောင်းဆုံးကစားသွားနိုင်ကြတယ်။ အာဆင်နယ်အသင်းဟာ အသင်းကောင်းဖြစ်ပြီး သန့်သန့်ရှင်းရှင်း ကစားနိုင်တဲ့ အသင်းလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီပွဲမှာ သွင်းယူနိုင်ခဲ့တဲ့ ဂိုးတွေပြန်ချေပမခံ ရအောင် ကြိုးစားကစားနိုင်ခဲ့ပါတယ်"လို့လည်း ဖာဂူဆန်က ပြောကြားသည်။

အကြိုဗိုလ်လုပွဲ ပထမအကျော့၌ မန်ယူတို့ အိုးထရက်ဖို့ဒ်တွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူခဲ့သလို ယခုအဝေးကွင်း၌ပါ အနိုင်ရရှိခဲ့သဖြင့် နှစ်ကျော့ပေါင်း လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲတက် ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

ထို့အတူ မန်ယူကို အိမ်ကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးခဲ့ရသောအာဆင်နယ် နည်းပြ အာစင်ဝင်းဂါးကလည်း "မန်ယူအသင်းကိုရှုံးခဲ့ရတာမို့ ပရိသတ်တွေကို ကျွန်တော်အနူးအညွတ်တောင်းပန်ပါတယ်။ ကျွန်တော့်ကစားသမားတွေလည်း အကောင်းဆုံးကစားသွားနိုင်ကြတာမို့ ဒီအရှုံးမှာ ကျွန်တော် ကျေနပ်ပါတယ်။ လူငယ်တွေမို့ အားနည်းချက်အချို့ရှိနေပေမယ့် ဒီပွဲမှာ သူတို့လည်းကြိုးစားကစား ခဲ့ကြတယ်။ ဒါပေမယ့် ဒီပွဲမှာ မိနစ်ပိုင်းအတွင်းလေးမှာပဲ ဂိုးတွေသွင်းယူခံရတာတော့ မဖြစ်

"ဒီပွဲကစားသွားတဲ့ ကျွန်တော့် အသင်းသားတွေကို ချီးကျူးပါတယ်" ဖာဂူဆန်။

သင့်တဲ့ အနေအထားပါပဲ။ ကျွန်တော့် အနေနဲ့ ပြင်ဆင်မှုတွေ ပြောင်းရဦးမှာပါ"ဟု အာစင်ဝင်းဂါးက ပြောကြားသည်။

ယခုပွဲ၌ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးခဲ့ရသော အာဆင်နယ်သည် လေးနှစ်ဆက်တိုက် ဖလားလက်မဲ့ဖြစ်ခဲ့ရသော အဖြစ်နှင့် ရင်ဆိုင်ခဲ့ရပြန်ပြီ ဖြစ်သည်။

(အင်တာနက်)

ရီးရဲမက်ဒရစ် ခံစစ်မှူး ကင်နာဗာရို မန်စီးတီးနှင့် ဘိုင်ယန်၏ကမ်းလှမ်းမှုကို ပယ်ချ

မက်ဒရစ် မေ ၆

မန်စီးတီးနှင့် ဘိုင်ယန်မြူးနစ်တို့၏ ကမ်းလှမ်းမှုများကို ငြင်းပယ်ခဲ့ပြီး အသင်းဟောင်း ဂျူဗင်းတပ်စ်သို့လည်း မပြန်လိုတော့ကြောင်း အီတလီလက်ရွေးစင်နှင့် ရီးရဲမက်ဒရစ်ခံစစ်မှူး အကျော်အမော်ဖာဘီယိုကင်နာဗာရို**(အပေါ်ပုံ)**က အခိုင်အမာ ပြောကြားခဲ့သည်။

အီတလီအသင်းနှင့်အတူ ကမ္ဘာ့ဖလားကို ဆွတ်ခူးခဲ့သူ ကင်နာဗာရိုသည် ယခုဘောလုံးရာသီအကုန်တွင် ရီးရဲမက်ဒရစ်နှင့် စာချုပ်သက်တမ်းကုန်ပြီဖြစ်ပြီး အသင်းကထပ်မံသက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းခြင်းမခံသေးချေ၊ ၎င်းအနေဖြင့် ရီးရဲအသင်းနှင့်ထပ်မံစာချုပ်ချုပ်ဆိုလိုပါက အသင်းဥက္ကဋ္ဌ အပြောင်းအလဲရလဒ်ထွက်ပေါ်လာအောင် စောင့်ရမည်ဖြစ်သည်။

ဥပေက္ခာပြု

အသက် ၃၅နှစ်ရှိ ကင်နာဗာရို သည် လာမည့်နွေရာသီကမ္ဘာ့ဖလားပြိုင်ပွဲ တွင် အီတလီလက်ရွေးစင်အသင်းနှင့်အတူ ဖလားဆွတ်ခူးရန် စိတ်အားထက်သန်နေသောကြောင့် မန်စီးတီးနှင့် ဘိုင်ယန်မြူးနစ်တို့၏ ကမ်းလှမ်းမှုကို ဥပေက္ခာပြုခဲ့ခြင်းဖြစ်သည်။

နီးစပ်နေ

ထိုစဉ်အတောအတွင်း ဗဟိုခံစစ်မှူး ကင်နာဗာရိုအား ၎င်း၏ပထမဆုံးကလပ် နာပိုလီက မကမ်းလှမ်းခဲ့သဖြင့် ဂျူဗင်းတပ်စ်သို့ ပြန်သွားရန် နီးစပ်နေပြီဖြစ်ကြောင်း ၎င်း၏အေးဂျင့် ဂေတာနိုဖီဒီလီက ပြောကြားခဲ့သည်။ **(အင်တာနက်)**

မာရှေရာနို လီဗာပူးမှထွက်ခွာမည်မဟုတ် နည်းပြဘင်နီတက်ဇ်အခိုင်အမာပြောကြား

လီဗာပူးအသင်းနည်းပြ ဘင်နီတက်ဇ်။

လန်ဒန် မေ ၆

လီဗာပူးအသင်းမှ အာဂျင်တီးနားလက်ရွေးစင် အသင်းခေါင်းဆောင် မာရှေရာနိုသည် အမည်မဖော်လိုသောအသင်းကချဉ်းကပ်ကမ်းလှမ်းမှုကို ပယ်ချခဲ့ကြောင်းနှင့် မည်သည့်အသင်းကိုမျှ သွားမည်မဟုတ်ဟု ပြောကြားခဲ့ကြောင်း နည်းပြဘင်နီတက်ဇ်က ဖွင့်ဟ ပြောကြားခဲ့သည်။

မာရှေရာနိုသည် လီဗာပူးအသင်းနှင့် လက်ရှိလေးနှစ်စာချုပ် သက်တမ်းကုန်ဆုံးရန် ၁၅ လမျှကျန်သေးသည်။ သို့သော်လည်း မာရှေရာနို၏ အနာဂတ်သဘောထားနှင့်ပတ်သက်ပြီး ဘင်နီတက်ဇ်သည် မေ ၁ရက်က ၎င်းနှင့် ဆွေးနွေးခဲ့သည်။

ငြင်းဆန်ခဲ့

မာရှေရာနိုအား ခေါ်ယူရန်ကမ်းလှမ်းသောအသင်းကို ထုတ်ဖော်ပြောကြားရန် ဘင်နီတက်ဇ်က ငြင်းဆန်ခဲ့သည်။

သို့သော်လည်း ကမ်းလှမ်းသည့်အသင်းသည် အီတလီ သို့မဟုတ် စပိန်က မဟုတ်ကြောင်း သတင်း၌ ဖော်ပြသည်။

(အင်တာနက်)

ချစ်စိုးနိုင် စုစည်းတင်ပြသည်

ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေး နှိုးဆော်ချက်

ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါအပါအဝင် ဝမ်းနှင့်ပတ်သက်သော ရောဂါများသည် ရောဂါပိုးများပါဝင်သည့် ရေ၊ အစားအသောက်တို့ကို စားသောက်မိရာမှ ကူးစက်ပြန့်ပွားပါသည်။

ရေနှင့်အစားအသောက်များအတွင်းသို့ ရောဂါပိုးများသည် အောက်ပါအကြောင်းများကြောင့် ရောက်ရှိပါသည်-

(က) မသန့်ရှင်းသည့် လက်၊ အိုး၊ ခွက်၊ ပန်းကန်တို့ဖြင့် အစားအစာများ ချက်ပြုတ်ပြင်ဆင်ခြင်း၊ စားသောက်ခြင်း။

(ခ) အစားအသောက်များသို့ ယင်အုံ၊ ယင်နားခြင်း။

(ဂ) မိုးရွာသောအခါများတွင် သောက်သုံးရေတွင်း၊ ရေကန်များအတွင်းသို့ မသန့်ရှင်းသောရေနှင့် အမှိုက်သရိုက်များ စီးဝင်ခြင်း။

(ဃ) သောက်သုံးရေတွင်း၊ ရေကန်များသည် အိမ်သာနှင့် နီးကပ်စွာတည်ရှိခြင်း၊ အိမ်သာထက်နိမ့်သော နေရာများတွင်ရှိခြင်း။

သို့ပါ၍ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်-

- ရေကို ကျိုချက်၍သောက်ပါ။
- ယင်နားစာများ မစားပါနှင့်။
- ယင်လုံအိမ်သာ အသုံးပြုပါ။
- အစားမစားမီနှင့် အိမ်သာမှအဆင်းတွင် လက်နှစ်ဖက်လုံးကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောပါ။
- တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ပါ။
- အမှိုက်သရိုက်များကို စနစ်တကျစွန့်ပစ်ပါ။

ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့၍ ကုသမှုခံယူကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသောရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction) မှ သဘာဝတည်ငြိမ် လျှပ်စစ် (Static Electricity) ဖြစ်ပေါ်ပြီး မီးလောင်မှုများ ဖြစ်ပွားစေနိုင်ပါသည်။ ထို့ကြောင့် ရာသီဥတု ပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

မီးသတ်ဦးစီးဌာန

အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေး စာကြည့်တိုက်များ၏ အခန်းကဏ္ဍသည်အရေးပါ

သတင်းမှတ်စုနှင့်ဓာတ်ပုံ - အောင်သန်း (မင်္ဂလာတောင်ညွန့်) စာမျက်နှာဖွဲ့စည်းမှု - ကျင်သန်းဦး (မြန်မာ့အလင်း)

ရန်ကုန် မေ ၅

စာပေတင့်မှ လူမျိုးမြင့်မည်၊ စာပေတန်ဆောင် မီးရှူးရောင်၊ စာအုပ်စာပေ လူ့မိတ်ဆွေ ဟူသောစာစုများသည် စာပေတန်ဖိုးကိုဖော်ကျူးထားခြင်းဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် စာတတ်ပေတတ် ပညာတတ်များ ပေါများလာခြင်းသည် နိုင်ငံဂုဏ်ကိုမြင့်စေသည်၊ နိုင်ငံကိုတိုးတက်ကြီးပွားလာစေသည်။ စာတတ်ပေတတ် ပညာတတ်များဖြစ်ရန် ဗဟုသုတများ တိုးပွားဖို့လိုသည်။

အလိမ္မာစာမှာရှိဟူသော စကားရပ်သည် စာများများဖတ်ရှုဖို့ တွန်းအားပေးခြင်း ဖြစ်၏။ စာများကို လွယ်လွယ်ကူကူ တစ်နေရာတည်း၊ တစ်ထိုင်တည်းဖတ်ရှုလေ့လာ မှတ်သားနိုင်ရန်မှာ စာကြည့်တိုက်များတွင်သာဖြစ်၏။ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန် စာကြည့်တိုက်များ၏ အခန်းကဏ္ဍသည်လည်း အရေးပါမှုပင် ဖြစ်သည်။

စွမ်းဆောင်ရည်

၂၀၀၈ ခုနှစ် နှစ်ကုန်ပိုင်းက မကွေးတိုင်းအတွင်း ကိုယ့်အားကိုယ်ကိုး ကျေးရွာ စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိခြင်းနှင့် ရေရှည်တည်တံ့ခိုင်မာသည့် စာကြည့်တိုက်များအကြောင်း သိရှိနိုင်ရန် မကွေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး မကွေးမြို့သို့ ရောက်ရှိခဲ့သည်။ မကွေးကိုယ်ပွား သတင်းစာတိုက် တာဝန်ခံဦးစစ်နောင်က ပို့ဆောင်ပေးခဲ့သည်။ မကွေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၏ အပေါ်ထပ် စည်းဝေးခန်းမတွင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏ ရက်သတ္တပတ်ကြာ လုပ်ငန်း စွမ်းဆောင်ရည် မြင့်မားရေး သင်တန်းပို့ချနေသည်ကို တွေ့ခဲ့ရသည်။

မကွေးတိုင်းအတွင်း မကွေးခရိုင်၊ မင်းဘူးခရိုင်၊သရက်ခရိုင်၊ပခုက္ကူခရိုင်၊ ဂန့်ဂေါခရိုင် ငါးခရိုင်ရှိပြီး မြို့နယ်ပေါင်း ၂၅ မြို့နယ်နှင့် မြို့တစ်မြို့တို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးများ ဖွင့်လှစ်ထားရှိသည်။

အဆိုပါ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးများမှ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များပေါ်ထွက်တည်ထောင်လာအောင် စည်းရုံးလှုံ့ဆော်ပံ့ပိုးကူညီပေးနေသည်။

ဖွင့်လှစ်ခဲ့

မကွေးခရိုင် မကွေး၊ ရေနံချောင်း၊ ချောက်၊ မြို့သစ်၊ နတ်မောက်၊ တောင်တွင်းကြီး ခြောက်မြို့နယ်တွင် ၂၀၀၈ ခုနှစ် မတ်လအထိ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ပေါင်း ၁၂၅၃ တိုက်၊ မင်းဘူးခရိုင် မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ ငဖဲ၊ စေတုတ္တရာ ငါးမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ပေါင်း ၉၆၄ တိုက်၊ သရက်ခရိုင် သရက်၊ အောင်လံ၊ မင်းတုန်း၊ ကံမ၊ မင်းလှ၊ ဆင်ပေါင်ဝဲခြောက်မြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ပေါင်း ၁၀၂၆ တိုက်၊ ပခုက္ကူခရိုင် ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူ ငါးမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက် ၁၂၁၁ တိုက်၊ ဂန့်ဂေါခရိုင် ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကျောက်ထု ငါးမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ပေါင်း ၃၁၉ တိုက်ကို အောင်မြင်စွာ ဖွင့်လှစ်ပြီးခဲ့ကြောင်း သိရသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတွင် ပါဝင်ဆောင်ရွက်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်းများ ဤသို့ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

မကွေးတိုင်း ပွင့်ဖြူမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာအုပ်ပြပွဲ ခင်းကျင်းပြသခဲ့စဉ်။

ခိုင်မာစာကြည့်တိုက်

မကွေးတိုင်း တစ်တိုင်းလုံးတွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ပေါင်း ၄၇၇၃ တိုက် ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။ အဆိုပါ ဖွင့်လှစ်ပြီး စာကြည့်တိုက်များတွင် ရေရှည်တည်တံ့ခိုင်မာသည့် ခိုင်မာစာကြည့်တိုက်ပေါင်း၂၈၃၈တိုက် ရှိနေပေပြီ။

မင်းဘူးခရိုင် စလင်းမြို့နယ်အတွင်း ကျေးရွာ ခိုင်မာစာကြည့်တိုက်များကို မင်းဘူးခရိုင် ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်နှင့်အဖွဲ့က ကွင်းဆင်းကြည့်ရှုခဲ့သည်။ ဆင်ကျုံးကျေးရွာ ပညာပန်းအိမ် ခိုင်မာစာကြည့်တိုက်ဥက္ကဋ္ဌ ဦးကျော်ဆွေက “ခေါင်းဆောင်မှုသာ ပထမ၊ ခေါင်းဆောင်မှုသာ အဓိက၊ ခေါင်းဆောင်မှုသာ ပဓာနဆိုတဲ့အတိုင်း ကျွန်တော်တို့ ကော်မတီအနေနဲ့ ခေါင်းဆောင်ဝါယမစိုက်ပြီး စာကြည့်တိုက် အင်္ဂါ(၅)ရပ်နဲ့ သတ်မှတ်ချက်စံ(၅)ရပ် ပြည့်စုံအောင် အကောင်အထည်ဖော်လိုက်တော့ ဟော…စာပေ အလှူရှင်တွေ တန်းစီလို့…”ဟု ဆိုခဲ့သည်။

“ကျေးရွာတိုင်း၌ရေရှည်တည်တံ့ခိုင်မာသည့်စာကြည့်တိုက်များ ထူထောင်နိုင်ရေးသည် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေးတာဝန်ဖြစ်သည်”ဟု လမ်းညွှန်မှုပြုခဲ့သည်။

မကွေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းက နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့အကြား ပေါင်းကူး တံတားသဖွယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ရည်ရွယ်ချက်များ ဖြစ်သည့် ပြည်သူလူထုအား အသိပညာပေးခြင်း၊ ပြန်ကြားပေးခြင်းနှင့် ဖျော်ဖြေပေးခြင်း စသော လူထုဆက်သွယ်ရေး နည်းလမ်းများအပြင် စာကြည့်တိုက် လုပ်ငန်းကိုပါ ပူးတွဲတာဝန် ထမ်းဆောင်နေကြောင်း၊ ယနေ့ နည်းပညာခေတ်ကြီးတွင် ပြည်သူများ အနေဖြင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာမကျန် သိမှုနယ်ပယ်မြင့်မားလာစေရေးအတွက် ဖွင့်လှစ်ထားသော စာကြည့်တိုက်များမှ အသိပညာများရယူပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့စေရေးနှင့် ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပံ့ပိုး ကူညီပေးကြစေလိုကြောင်း၊ စာကြည့်တိုက်များ ခိုင်မာရှင်သန်ဖွံ့ဖြိုးရေးအတွက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အစီအစဉ်ဖြင့် တိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ရန်ပုံငွေ ထူထောင်ပေးခဲ့သည်မှာ ငွေကျပ်၁၄ဝ သိန်းကျော် ရှိနေပြီဖြစ်ကြောင်း မြန်မာ့အလင်းသို့ ပြောကြားခဲ့ပါကြောင်း သတင်းမှတ်စုအဖြစ် ရေးသားဖော်ပြလိုက်ရပါသည်။ ။**(မြန်မာ့အလင်း)**

တာချီလိတ်မြို့၌ ဇာတိမာန်စာကြည့်တိုက် အဆောက်အအုံဖွင့်

တာချီလိတ် မေ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ လွယ်တော်ခမ်းကျေးရွာအုပ်စု အာဒီးကျေးရွာ ဇာတိမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲကို မတ် ၅ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်ကြည်၊ လွယ်တော်ခမ်းကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအားထူတို့က စာကြည့်တိုက် အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်ဒုတိယဦးစီးမှူး ဦးလှဌေးက သုတရသစာအုပ်နှင့် မဂ္ဂဇင်းစာစောင်များ လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးအားဂျေ့က လက်ခံယူပြီး ဟောပြောပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဦးစီးအရာရှိ ဦးမောင်ကြည်က စာဖတ်ခြင်းအကျိုးကျေးဇူးများကို ဟောပြောကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်ရှိလာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီးကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနားရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရ အေးမြသောနေရာများတွင် နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင်သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

အထူးကုဆရာဝန်များ ကျိုးသဲတိုက်နယ်ဆေးရုံသို့ကွင်းဆင်း ဝေဒနာရှင်များအား ကျန်းမာရေးစောင့်ရှောက်မှု ဆေးကုသပေး

ရွှေတောင် မေ ၂၀

ပဲခူးတိုင်း (အနောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်း ဆေးကုသမှုနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို မေ ၁၀ ရက် နံနက်က ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျိုးသဲတိုက်နယ်၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာ တင်ကျော်ဦး ဦးဆောင်သော ပြည်မြို့ ခုတင် (၁၀၀) ဆေးရုံကြီးမှ သမားတော်နှင့် အထူးကုဆရာဝန်ကြီး ၁၁ဦး ပါဝင်သည့်အဖွဲ့က ကျိုးသဲတိုက်နယ်ဆေးရုံတွင် ကျေးရွာအုပ်စုများမှ ဝေဒနာရှင် ၆၈၆ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု ဆေးကုသ ပေးကြသည်။ အဆိုပါဆေးကုသရာသို့ ပဲခူးတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့် နှင့်အဖွဲ့ဝင်များ၊ ပဲခူးတိုင်း (အနောက်ပိုင်း) မိခင်နှင့်ကလေး စောင့် ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သိန်းပိုင်နှင့်အဖွဲ့ဝင်များ၊ ပြည်ခရိုင် ဥက္ကဋ္ဌ ဦးကျော်ညွန့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့်အဖွဲ့ ဝင်များ၊ ခရိုင်ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဝင်များက ကြည့်ရှုအားပေးကြသည်။

ပညာပေးဟောပြောပွဲကို အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ ဆက်လက်ကျင်းပရာ အခမ်းအနားတွင် ပဲခူးတိုင်း (အနောက်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်သိန်းပိုင်က အမှာစကားပြောကြားပြီး တိုင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကျိုးသဲ တိုက်နယ်ဆေးရုံသို့ အလှူငွေ ကျပ် တစ်သိန်းပေးအပ်ရာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ အေးမြင့်ကြည်က လက်ခံယူသည်။

အဆိုပါပညာပေးဟောပြောပွဲတွင် စိတ်ရောဂါ အထူးကုဆရာ ဝန်ကြီး ဒေါက်တာကျော်ဝင်းက မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ကိစ္စများအကြောင်း၊ တိုင်းတီဘီဆရာဝန်ကြီး ဒေါက်တာငြိမ်း ငြိမ်းအေးက တီဘီရောဂါများအကြောင်းနှင့် ခုခံကျကာလသား တိုက်ဖျက်ရေးဌာန အဖွဲ့ခေါင်းဆောင် ဒေါက်တာ ယဉ်မင်းက HIV/AIDS ရောဂါများနှင့်ပတ်သက်၍ သိကောင်းစရာများ ဟောပြောကြသည်။

ထို့နောက် တိုင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သိန်းပိုင်နှင့်အဖွဲ့ ဝင်များ၊ ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက တက်ရောက်လာသော ကိုယ်ဝန်ဆောင်မိခင် များသို့ ဆေးနှင့်ထောက်ပံ့ပစ္စည်းများ၊ အသင်းဝင်များအား အိုင်အိုဒင်း ဆားများ၊ ကျန်းမာရေးအသိပညာပေးစာစောင်များနှင့် လက်ဆောင် ပစ္စည်းများ ဝေငှပေးအပ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ထန်းတပင်၌ တိုးတက်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

ထန်းတပင် မေ ၂၀

ပဲခူးတိုင်း(အရှေ့ပိုင်း) တောင်ငူခရိုင် ထန်းတပင်မြို့နယ် သရက်တန်းကျေးရွာအုပ်စု သရက်တန်းကျေးရွာ တိုးတက်ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ၊ အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မေ ၂၂ရက် ညနေ ၄ နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းထက်နိုင်မြင့်၊ မြို့နယ်ပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဝင်းနှင့် ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးချစ်ခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ကြပြီး**(အပေါ်ပုံ)** မြို့နယ်ဥက္ကဋ္ဌက အဖွင့် အမှာ စကားပြောကြားကာ ဦးစီးမှူးက စာဖတ်ရခြင်းကို ရှင်းလင်းပြောကြားသည်။

ပေးအပ်

ဆက်လက်၍ ကျေးရွာဥက္ကဋ္ဌ ဦးချစ် ခိုင်က စာကြည့်တိုက်ဖြစ်ပေါ်လာရခြင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူး၊ ဦးကျော်စိုးမိုး (သီရိဟောမာ)နှင့် အောင်ချမ်းသာ ဒေါ်ကြည် ကြည်ဝင်းမိသားစုတို့က ဂျာနယ်နှင့် ကြေးမုံ သတင်းစာတို့ကို ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးချစ်ခိုင်က လက်ခံ ယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ဥက္ကာသစ်လင်းစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့် ရေရှည်တည်တံ့ခိုင်မြဲရေး သိကောင်းစရာများရှင်းလင်း

တောင်ငူ မေ ၂၀

ပဲခူးတိုင်း(အရှေ့ပိုင်း) တောင်ငူခရိုင် တောင်သူမြို့နယ် စပါးကြွယ်ကျေးရွာ ရပ်ရွာ ပညာပဒေသာဌာန ဥက္ကာသစ်လင်း စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ် စာစောင်များ လှူဒါန်းခြင်း အခမ်းအနားကို မေ ၂၅ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ အဆောက်အအုံသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးလှမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ရှင်းလင်းပြောကြား

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးတင် မောင်ဝင်းက အမှာစကား ပြောကြားပြီး ပဲခူးတိုင်း(အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကြည်က စာကြည့်တိုက်များ ရေရှည် တည်တံ့ခိုင်မြဲရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာ များ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာစာကြည့်တိုက် အတွက် မြို့နယ်ဥက္ကဋ္ဌက စာအုပ်စာစောင် ၁၀၀၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုးမင်း က သုတရသအုပ် ၁၀၀၊ မြို့နယ်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးလင်းက သုတ ရသ ဂျာနယ်စာအုပ်ပေါင်း အုပ် ၁၅၀နှင့် တက် ရောက်လာကြသော စေတနာရှင်များက စာအုပ်စာစောင် ၂၅၀ တို့ကို ပေးအပ် လှူဒါန်းသည်။ **(ခရိုင် ပြန်/ဆက်)**

မတ် ၃၁ရက်က လှိုင်းဘွဲမြို့နယ် ကပ္ပလီကျေးရွာ၌ အထူးကွင်းဆင်း ဆေးကုသမှု ဆောင်ရွက်ရာ ကရင် ပြည်နယ် ဘားအံမြို့ ဆေးရုံကြီးမှ အထူးကုသမားတော်ကြီးများ၊ ဘားအံ တိုင်းရင်းဆေးမှူးနှင့် ဘားအံတိုင်းရင်း ဆေးရုံ ဒုတိယဆေးရုံအုပ်တို့ကြီးကြပ်၍ လှိုင်းဘွဲမြို့နယ်မှ တိုင်းရင်းဆေးဆရာ များနှင့် ကျန်းမာရေး ဝန်ထမ်းများက ကျေးလက်ပြည်သူများအား ဆေးဝါး များ ကုသပေးစဉ်။ (၀၀၈)

ယင်းမာပင်၌ သက်ကြီးပူဇော်ပွဲကျင်းပ အဘိုးအဘွားများအား ကျန်းမာရေးစောင့်ရှောက်ပေး

ယင်းမာပင် မေ ၂၀

မုံရွာခရိုင် ယင်းမာပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သာယာအေးခန်းမ၌ မေ ၁၇ ရက် နံနက် ၈နာရီက သက်ကြီးပူဇော်ပွဲကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးစိုးလှိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီပြုံး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် သက်ကြီးဘိုးဘွား ၃၀ တို့ တက်ရောက်ကြသည်။

ကျန်းမာရေးစောင့်ရှောက်

ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် တိုင်းရင်း ဆေးဝန်ထမ်းများက အဘိုးအဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးသည်။

ထို့နောက် တက်ရောက်လာကြသော သက်ကြီးဘိုးဘွားများအား တစ်ဦးလျှင် ငွေကျပ် ၅၅၀၀၀ နှုန်းဖြင့် စုစုပေါင်း အလှူငွေကျပ်၁၆၅၀၀၀ ဖြင့် အဘိုးအဘွားများအား ကန်တော့ ကြရာ အဘိုးအဘွားများကိုယ်စား အဘိုး ဦးစံဖဲက သြဝါဒစကား ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ပေးဝေလှူဒါန်း

၁၃၇၁ခုနှစ် နှစ်ဆန်းတစ်ရက်နေ့က ပုသိမ်မြို့ အမှတ် ၄၉ တာဝတိံသာလမ်းနေ ဦးလှကြည် (စာရေးဆရာ ပုသိမ်လှကြည်)-ဒေါ်မြမြဝင်း၊ သား ကိုနေမျိုး၊ ကိုဆွေမျိုး၊ ကိုတင်လှဝင်းဒွေးမိသားစုက ရပ်ရွာပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ စားသောက် ကုန်ပစ္စည်းစုံ၊ ဗလာစာအုပ်နှင့် ဘောပင်တို့ကို ပေးဝေလှူဒါန်းစဉ်။ (၁၅၇)

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် အမှတ်(၄)ရပ်ကွက် အာသောကလမ်း အရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ပေကို ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ရာ မေ ၂၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးစောမြင့်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဦးတို့ ကြပ်မတ် ပေးစဉ်။ (၁၂၃)

မိုင်းဆတ်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေး အသိပညာပေးဟောပြော

မိုင်းဆတ် မေ ၁

မိုင်းဆတ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်သည် မိုင်းဆတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဒွေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ညွန့်နှင့် တာဝန်ရှိသူ များလိုက်ပါလျက် မေ ၁၂ ရက် နံနက် ၁၀နာရီက မိုင်းဆတ်မြို့နယ် ကျဒယ်ကျေးရွာ အုပ်စု ၁၀မိုင်(ချောင်းဆုံ) ကျေးရွာတွင် နယ်မြေဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး အသိပညာပေး ဟောပြောပွဲကျင်းပသည်။

ဆေးကုသပေး

အဆိုပါ ဟောပြောပွဲအခမ်းအနားသို့ ဒေသခံတိုင်းရင်းသားများ တက်ရောက်ခဲ့ပြီး ကျေးရွာပြည်သူ ၄၄ဦးအား ဆေးကုသပေးခဲ့သည်။

ရှင်းလင်းဆွေးနွေး

ဟောပြောပွဲတွင် ကျေးရွာတာဝန်ရှိသူ ဦးကျထော၏ တင်ပြချက်များကို ခရိုင် ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးတင်ညွန့်တို့က ပြန်လည်ရှင်းလင်း ဆွေးနွေး ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အုပ်စုလုံးကျွတ်စာကြည့်တိုက်ဖွင့်ပွဲ ကလေးဝမြို့နယ်၌ ကျင်းပ

ကလေးဝ မေ ၁

ကလေးဝမြို့နယ် ချင်းချောင်းကျေးရွာအုပ်စု ချင်းချောင်း၊ ဝေပုံကျောင်းကြီးကျေးရွာတို့တွင် စံ(၅)ချက်နှင့်ညီသော အုပ်စု လုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မေ ၂၆ရက် နံနက်က ချင်းချောင်းကျေးရွာ၌ ကျင်းပရာ စာကြည့်တိုက် ကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဦးစီးမှူး ဦးမင်းမင်းစိုးနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီဇော်တို့က ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အလှူရှင်များက သုတရသစာအုပ် ၂၅၀နှင့် စာကြည့်တိုက်အတွက် စုစုပေါင်းရန်ပုံငွေကျပ် ၂၅၀၀၀၀ တို့ကို စာကြည့် တိုက်ကော်မတီသို့ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့မီးရထား၏ ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ဥသျှစ်ပင်-ကံမ ရထားလမ်းပိုင်းကို ဤသို့ တွေ့ရသည်။ (သတင်း-ရှေ့ဖုံး)
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မိုးရာသီ ရေလွှမ်းလေ့ရှိသည့် လယ်မြေများအား ရေလွှမ်းမိုးမှုအန္တရာယ်မှ အထိုက်အလျောက် အကာအကွယ်ပေးနေသည့် ပဲခူးခရိုင် ဒိုက်ဦးမြို့နယ်ရှိ ဘိုင်းဒါးရေလွှဲဆည်

သတင်းမှတ်စု - နုနုရီ နှင့် အေးသန္တာသိန်း ■ ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း ■ တိုးလွင် (မြန်မာ့အလင်း)

ရန်ကုန် မေ ၅

နယ်မြေဒေသအသီးသီးရှိ တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်ရာတွင် ရေလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည်။ နိုင်ငံ၏ အထက်ပိုင်း၊ အလယ်ပိုင်း၊ မိုးနည်းရေရှားဒေသများတွင် မြေပြင်အခြေအနေပေးမှုအပေါ် မူတည်ပြီး အကြီးစား၊ အလတ်စားနှင့် အငယ်စားရေလှောင်တမံစီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေ ရရှိရေးစီမံကိန်းများ အကောင်အထည်ဖော် တည်ဆောက်နိုင်ရန် လမ်းညွှန်ပေးနေသကဲ့သို့ မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌လည်း ရေလှောင်တမံစီမံကိန်းများ၊ ရေလွှဲဆည်စီမံကိန်းများ၊ ရေထိန်းတံခါးစီမံကိန်းများနှင့် စိုက်ပျိုးရေရရှိရေးအတွက် အကောင်အထည်ဖော် တည်ဆောက်နိုင်ရန် လမ်းညွှန်မှုပြုလျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●